
မိတ်ကူးချိုချိုအနုပညာ
mgyoe.com

ညိုပုလေး


# လမင်းရဲ့ချိုသာတဲ့ လက်ခုပ်သံ



mgyoe.com

mgyoe.com

အမေက လက်ခုပ်ကို ပထမအပုဒ်လို လှိုက်လှိုက်လှဲလှဲတီးနေတယ်။
အဖေကလည်း လက်ခုပ်တီးလို့ အဖေ့လက်ခုပ်သံ ဒီတစ်ခါပဲကြားဖူးတယ်။
အဖေနဲ့ အမေရဲ့ လက်ခုပ်သံတွေက
ကျွန်တော့်နှလုံးသားကို ဝိညာဉ် ဆုပ်နယ်နေတယ်။



ညီပုလေး

လမင်းရဲ့ချိုသာတဲ့
လက်ခုပ်သံ

ISBN9789997117274
NPL8
9 789997 117274
2,500.00KS

mgyoe.com

လမင်းရဲ့ရှိုသာတဲ့လက်ခုပ်သံ၊ ညီပုလေး
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀။
၂၀၁၅နှင့် ၂၀၁၉ စိတ်ကူးချိုချို၏ ဒုတိယနှင့် တတိယအကြိမ်များ၊
(ပထမအကြိမ် - စာအုပ်ဈေးစာအုပ်တိုက်၊ ၂၀၀၂ ခုနှစ်)

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

မိတ်ဆွေ ကိုမိုးမြင့် နဲ့ ကိုခွန်ဆိုင်း သို့ . . .

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အကြိမ်ကြိမ်ခြစ်ဆွဲမိတဲ့ ကောက်ကြောင်း

**(ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက် စာရေးသူ၏ အမှာစာ)**

ကျွန်တော် ဝတ္ထုတိုတွေ ၁၉၈၅ ခုနှစ်ကစပြီး စံပယ်ဖြူမဂ္ဂဇင်းမှာ ရေးခဲ့တယ်။ ကျွန်တော့်ဝတ္ထုကို မိတ်ဆွေကောင်းတချို့က နှံ့သာဖြူ စော်နံ့တယ်။ ဆေးတံ၊ ဆေးပြင်းလိပ်နံ့ ပြင်းတယ်လို့ ဝေဖန်ကြ တယ်။ ကျွန်တော့်ကို အဲဒီခေတ်က လူတွေရဲ့ ခေတ်ပြိုင်ခံစားမှု တွေပါတဲ့ ဝတ္ထုတွေရေးစေချင်တဲ့ စေတနာနဲ့ သူတို့က ထောက်ပြ ဝေဖန်ကြတာဖြစ်ပါတယ်။

ဒီလိုထောက်ပြတာကို ကျွန်တော်စွဲမှတ်နေမိတယ်။ ကျွန်တော့် အသက်အရွယ်နဲ့ ကျွန်တော့်ဝတ္ထုတွေက ပိုပြီးအသက်ကြီးနေတာ လား။ ဒါဟာ ပြဿနာတစ်ခုလား။ မိတ်ဆွေတွေကလည်း သူတို့ ဖတ်ချင်တာ၊ သူတို့ဖြစ်ချင်တာကို ထောက်ပြ၊ ပြောကြတာလေ။

၁၉၉၀ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်နေ့မှာ အဖမ်းခံရတယ်။ အတိုချုပ်ပြောရရင် စစ်ကြောရေးက မန္တလေးမှာတစ်ည၊ ရန်ကုန် စစ်ကြောရေးမှာ ဘယ်နှစ်ညလို့ မမှတ်မိ။ နောက်တော့ အင်းစိန် တွဲဖက်ထောင်ကိုရောက်၊ ၁၉၉၁ ဧပြီလဆန်းမှာ စီရင်ချက်ချ တယ်။ အင်းစိန်ထောင်မကြီးကိုရောက်တယ်။ ၃ ဆောင်မှာနေရ

mgyoe.com

mgyoe.com


တယ်။ ၃ ဆောင်ရောက်တဲ့ညနေမှာ အရင်ရောက်နှင့်တဲ့ ၅(ည) ပုဒ်မနဲ့ ထောင်ချခံရတဲ့ ကျောင်းသားလူငယ်တွေက ဆီးကြိုနေရာ ချထား၊ စောင့်ရှောက်ကြတယ်။

ကျွန်တော့်ကို ဆီးကြိုစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကျောင်းသားလူငယ်တွေအပြင် ဦးလေး ဦးအုန်းမြင့် (သခင် အုန်းမြင့်၊ ကျော်လင်းစာပေ) လည်း ပါတယ်။ ဦးလေးအုန်းမြင့်နဲ့ ကျွန်တော့် အဖေတို့အမေတို့က ညီအစ်ကိုမောင်နှမတွေလို ခင်ကြ တာဟုတ်လား။

အစ်ကိုလှ၊ မမ မာလို့ ကျွန်တော့်မိဘတွေကို သူခေါ်လေ့ ရှိတယ်။ ဒီတော့ သူရဲ့ထမင်းဝိုင်းမှာပဲ ရင်အုပ်မကွာ စောင့်ရှောက် ထားတယ်။ အင်းစိန်ထောင်မှာ အကျဉ်းသားတွေက သောင်းနဲ့ ချီရှိတယ်။ ဒီအတွက် ရေမလုံလောက်၊ ရေရှားပါတယ်။ တမင် ရေရှားအောင်၊ အကျဉ်းသားတွေ စိတ်မချမ်းသာအောင် စနစ်တကျ ရှားထားတာလည်း ဖြစ်နိုင်တယ်။

ဦးလေးဦးအုန်းမြင့်က ကျွန်တော်တို့တစ်တွေကို စုပေါင်းစား သောက်တဲ့ အလေ့အကျင့် ကျင့်ပေးတယ်။ ပုံစံပင်းထည့်တဲ့ခွက်၊ ပုံစံပန်းကန်ပြားကို တစ်နေ့ နှစ်ယောက်ကျ၊ တစ်ဝိုင်းလုံးစာ မနက်၊ ညနေ ဆေးရတယ်။ "လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ" စာအုပ် ဖြစ်လာစေမယ့် ဇာတ်လိုက် ဗွန်မိုးနဲ့ ကျွန်တော်နဲ့ ဦးလေးတို့ ထမင်းဝိုင်း၊ (အင်းစိန်ထောင် ၃ ဆောင်) မိတ်ဆွေဖြစ်ကြတယ်။ ဗွန်မိုးနဲ့ ဒီ့ပြင်လူငယ်တွေ တခြားကိစ္စတွေမှာ အဆင်ပြေကြ ပေမယ့် ပန်းကန်အတူတွဲဆေးရာမှာတော့ သူနဲ့တွဲချင်သူရှား တယ်။ သူဆေးတာ မပြောင်ဘူး၊ ကပျစ်ကညစ်နိုင်တယ်လို့ ထင်ကြ လို့ပဲ။ ထောင်မှာ ဆပ်ပြာရှား၊ ရေရှားတယ်။ ဒီတော့ ဗွန်မိုးမှာ လည်း သိပ်တော့ အပြစ်မဆိုသာဘူး။ ဒါပေမဲ့ ထောင်က အင်းစိန် ထောင်၊ ရောဂါဘယထူပြောတယ်။ ပန်းကန်ခွက်ယောက် မသန့် ရှင်းလို့ နောက်ဆက်တွဲပြဿနာတွေ ရှိနိုင်တယ်။

လက်တွဲချင်သူနည်းတဲ့ ဗွန်မိုးနဲ့ ကျွန်တော်နဲ့ လက်တွဲပေးသူ

mgyoe.com

mgyoe.com



ကတော့ ဦးလေး ဦးအုန်းမြင့်ပါပဲ။ ဇွန်မိုးနဲ့ ကျွန်တော် လက်တွဲပြီး တစ်ဝိုင်းတည်း စားသူတွေရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်တဲ့အခါ ရောက်နှင့်သူတွေ အံ့ဩသွားစေတယ်။ ဇွန်မိုး သူ့စရိုက်ကိုပြင် တယ်။ သူ့ကို ကျွန်တော်က ကိုယ့်ညီလို့အောက်မေ့သလို သူကလည်း ကျွန်တော့်ကို အစ်ကိုရင်းတစ်ယောက်လို ခင်တယ်။ ဒီလိုနဲ့ သူနဲ့ ကျွန်တော် ရင်းနှီးလာကြတယ်။ ပိုပြီးရင်းနှီးလာတဲ့ အခါ သူ့အကြောင်းတွေပြောပြရင်း ကျွန်တော် သူ့အကြောင်းကို ဝတ္ထုတစ်ပုဒ်လို ခံစားမိတယ်။ ဘယ်လောက်အထိ ရင်းနှီးသလဲ ဆိုတော့ သူ့အပြင်မှာကျန်ခဲ့တဲ့ ရည်းစား "တာတီပိုး"ရဲ့ ဓာတ်ပုံ ကို ထုတ်ပြတဲ့အထိ ရင်းနှီးတယ်။ ထောင်ထဲကို သူ့ရည်းစား ဓာတ်ပုံ ဘယ်လမ်းကြောင်းကနေ ဘယ်လိုသွင်းတယ်၊ တာတီပိုး ကို ဘယ်လောက်အထိချစ်သလဲဆိုတာမျိုးတွေ အပါအဝင် သူဖြတ်သန်းတဲ့ လူငယ်ဘဝတွေ တော်တော်စိတ်ဝင်စားစရာ ကောင်းနေတယ်။

အင်းစိန်ထောင် ၃ ဆောင်မှာ ကျွန်တော်နေရတဲ့အခန်းနဲ့ ဇွန်မိုးနေရတဲ့ အခန်းချင်းမတူကြဘူး။ တာဝန်ကျတဲ့တောင်ယာ တွေကလည်း မတူဘူး။ ထမင်းစားချိန်နဲ့ နားချိန်တို့လောက်မှာ သာ သူနဲ့ကျွန်တော် တွေ့ကြ၊ ဆုံကြရတာ။ ဒီဝတ္ထုကို နေ့လယ် ထမင်းစားပြီး အိပ်ချိန်နားချိန်မှာ အများဆုံး ပြောဖြစ်ကြတယ်။ အလုပ်လုပ်ပြီး ပင်ပန်းလို့ ဒိပြင်ထောင်ကျတွေ အနားယူအိပ်စက် ကြချိန်မှာ ကျွန်တော်တို့အိပ်အဆောင်အပြင် ဘာယာတန်းနဲ့ ဘုရား လေးပရိဝုဏ် စတဲ့နေရာတွေမှာ ပြောကြ၊ နားထောင်ကြရတယ်။ ဒီလိုပြောဆိုရာမှာ ၈၈ အရေးတော်ပုံကာလတုန်းက ဒလ ရဲစခန်း ဝင်စီးတဲ့အမှုနဲ့ ထောင်ကျတဲ့ "ယဉ်ထွေး"ဆိုတဲ့ လူငယ်လည်း အနားမှာရှိတယ်။ သူလည်း ဇွန်မိုးပြောတဲ့ ဇာတ်လမ်းကို စိတ်ဝင် စားတယ်။ သူကလည်း ဂစ်တာတီးတတ်သူကိုး။ ကျွန်တော်က လေတောင်ဖြောင့်အောင် ချွန်တတ်သူမဟုတ်ဘူး။

ကျွန်တော်တို့သုံးယောက်ရဲ့ စကားဝိုင်း (ဇွန်မိုးအကြောင်း)

mgyoe.com

mgyoe.com


ကို ကျွန်တော်တို့ထက်ပိုပြီး စိတ်ဝင်စားသူတွေရှိတယ်။ အဲဒါ ကတော့ ထောင်အာဏာပိုင်တွေပဲ။ ၃ ဆောင်အုပ်ချုပ်တဲ့ ထောင်မှူးတွေပဲ။ အကျဉ်းသားသုံးယောက် နေ့လယ် အိပ်နားချိန်မှာ မနားဘဲ စကားတွေပြောနေကြတာ ဘာလုပ်တာလဲ။ ထောင်ဆူဖို့ တိုင်ပင်တာလား၊ ထောင်ဥပဒေချိုးဖောက်ကြမှာလား။ ဒီအခါ ဘာယာတွေ၊ တန်းစီးတွေကို မသိမသာရော သိသိသာသာပါလာပြီး စုံစမ်းကြတယ်။ နားစွင့်ကြတယ်။ သူတို့ မှန်းချက်နဲ့ နှမ်းထွက် ကိုက် မသွားကြဘူး။

ဖွန်မိုးက စကားပြောရာမှာ သီချင်းတွေရော ဘော့စ်ဂစ်တာတီးသံ ဒူ . . . ဒူ . . . ဒု . . . ဒူ . . . ဒူး . . . ဒု . . . ဒန့် . . . ဒန် ဆိုတာမျိုးတွေ သူ့ပါးစပ်က တံတွေးတွေထွက်လောက်အောင် စိတ်ပါလက်ပါ ပြောတတ်လို့ပဲ။

ကျွန်တော်တို့ထဲမှာ စိတ်ဝင်တစားနားထောင်နေတဲ့ ယဉ်ထွေးကတော့ ကျွန်တော့်ပေါင်ကို ပုတ်ပုတ်ပြီး ဒီအကြောင်း ရေးဖြစ်အောင်ရေးဖို့ ပြောလေ့၊ တိုက်တွန်းလေ့ရှိတယ်။ ကျွန်တော် ဖွန်မိုးကို ရေးခွင့်တောင်းတယ်။ ယဉ်ထွေးကို ကတိပေးခဲ့တယ်။

ထောင်ကလွတ်ရင် ငါတို့တစ်တွေ ပြန်ဆုံကြမယ်။ အဲဒီကျရင် ဒီဇာတ်လမ်းကို တစ်ခေါက်ပြန်ပြော၊ လိုက်ရေးမယ်။ မောင်ရင်ကိုယ်တိုင် တည်းဖြတ်ပေး။ မောင်ရင် မေ့ကျန်တာတွေလည်း ဖြည့်ပြောကြတာပေါ့။ ဒီသဘောတူညီမှုရပြီး မကြာခင်မှာ ကျွန်တော်ဖွန်မိုးတို့ ယဉ်ထွေးတို့နဲ့ လွဲခဲ့ရတယ်။ ကျွန်တော်က သရက်ထောင်ကို အရင်ပြောင်းရတယ်။ ယဉ်ထွေးက တောင်ငူထောင်ကို ပြောင်းရတယ်။ ဖွန်မိုးက သာယာဝတီထောင်ကို ပြောင်းရတယ်လို့ သရက်ထောင်မှာ သတင်းဝင်လာတယ်။

ဖွန်မိုးက ထောင်သက် ကျွန်တော့်ထက်နည်းလို့ အရင်လွတ်တယ်။ သူလွတ်ပြီး သိပ်မကြာဘူး။ စိတ်မကောင်းစရာသတင်းဆိုးက သရက်ထောင်သံတိုင်ကို ကြားတိုးဖွေ့ပြီး ရောက်ဖြစ်အောင် ရောက်လာတယ်။ ဖွန်မိုး ကွယ်လွန်ရှာသတဲ့။ ကိုယ့်ညီတစ်ယောက်

mgyoe.com

mgyoe.com


ရဲ့ နာရေးသတင်းဆိုးကြားရသလို ခံစားမိတယ်။ သူကွယ်လွန်ပြီ ဆိုခါမှ ကျွန်တော့်မှာ သူ့အကြောင်း ရေးဖြစ်အောင်ရေးရတော့ မယ်လို့ ပိုပြီးခိုင်မာတဲ့ ဆုံးဖြတ်ချက်ချမိတယ်။

ကျွန်တော် ၁၉၉၉ ခုနှစ်ကျမှ အိမ်ပြန်ရောက်တယ်။ ထောင်ပြန်လက်ဆောင်အဖြစ် လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံကို စိတ်ကူးထဲမှာ ထည့်လာခဲ့တယ်။ ဒီလိုထည့်နိုင်ဖို့ သရက်ထောင် အဆောင်မှာ အတူနေတဲ့ လူငယ်တွေနဲ့ သံဃာတော်တွေတိုက် မှာ အတူနေသူတွေကို ဒီဝတ္ထု ခဏခဏ ပြန်ပြန်ပြောခဲ့ဖူးတယ်။ ဒီလိုနဲ့ ဇွန်မိုးကောက်ကြောင်းကို ကျွန်တော်ဆွဲခြစ်နိုင်တာပဲဖြစ် တယ်။ အိပ်ဆောင်ထဲမှာ အကျဉ်းသားငါးယောက်ထက် ပိုမစုဝေး ရတဲ့ အခြေအနေမှာကိုပဲ ကျွန်တော်ဟာ လွမ်းဆွတ်သတိရစိတ်နဲ့ ကောက်ကြောင်းတွေခြစ်ခဲ့တယ်။"လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ" ကို ၂၀၀၂ ခုနှစ် စာအုပ်ဈေး စာအုပ်တိုက် အမှတ် ၅၇၊ ၉ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၂၂၂၁၂၁ က ပထမ အကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေခဲ့တယ်။ ရောင်းဈေး ၅၀၀ ကျပ်နဲ့ပါ။ အခု ဒုတိယအကြိမ် စိတ်ကူးချိုချိုက ထုတ်တယ်။

ဒီစာကြောင်းတွေရေးရင် ဇွန်မိုးကို မျက်လုံးထဲ ပြန်မြင်ယောင် ရင်း ထောင်တွင်းကာလတွေကို ပြန်သတိရမိတယ်။ အတူနေခဲ့ ကြရတဲ့ ရဲဘော်တွေ၊ မိတ်ဆွေတွေလည်း ပါတာပေါ့။ အထူးသဖြင့် ဦးလေးအုန်းမြင့် အပါအဝင် စာဖတ်ပရိသတ်၊ ထုတ်ဝေသူတွေနဲ့ အတူနေခဲ့တဲ့ ရဲဘော် မိတ်ဆွေရဲ့ ကျေးဇူးကို အောက်မေ့လျက်။

❑

ညီပုလေး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စားပွဲပေါ်ကို ဂစ်တာပစ်တင်လိုက်တယ်။ လက်ရဲ့ ထိပ်ဖျားတွေလည်း အတော်ကျိန်းနေပြီ။ နာရီကို လှမ်းကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲပြီးပြီ။ မနက်ခြောက်နာရီကတည်းက ဂစ်တာတီးနေတာလေ။ ဒီမနက်တော့ ငါး နာရီပဲ လေ့ကျင့်တီးဖြစ်တယ်။ မနေ့ကစံချိန်ကို မမီသေးပါလား။ အောက် ကိုဆင်းပြီး လက်ဖက်ရည်သောက်တာနဲ့ ကိုယ်လက်သုတ်သင်တာနဲ့။ ထားပါတော့ နာရီဝက်လောက်၊ ကိစ္စမရှိပါဘူး။ နေ့လယ် တစ်နေ့လယ်လုံး ကျန်သေးတာပဲ။ ဗိုက်လည်း အတော်ဆာနေပြီ။

ချွေးစို့နေတဲ့ ရှပ်အင်္ကျီကို ရင်ဘတ်ကြယ်သီးနှစ်လုံးဖြုတ်ပြီး ခါးကနေ လှန်ချွတ်ပစ်လိုက်တယ်။ ကျွန်တော် သိပ်သဘောကျတဲ့ ရှပ်အင်္ကျီလေး။ အပြာနုပေါ်မှာ နက်ပြာလိုင်းလေးတွေ မန်ကျည်းစေ့ကွက်လေးတွေ ရက်ထား တာ။ မိကျောင်းတံဆိပ်။ အစ်ကိုဒီဆောင်း သင်္ဘောပေါ် အစဦးဆုံးတက်ရတဲ့ အခေါက်က ဝယ်လာတာ။

ကျွန်တော်ကြိုက်နှစ်သက်တဲ့ အင်္ကျီလေးတွေ၊ ပလေကတ်ပုဆိုးတွေ၊ ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတွေ ဝတ်ထားမိရင် ဂစ်တာတီးလို့ သိပ်ကောင်း တာ၊ သိပ်အရသာရှိတာ။ လမိုင်းကပ်တယ်လို့ဆိုရမလား မသိဘူး။

လက်ဖျားက အသားမာတွေကို ခွာနေမိတယ်။ ဒီအသားမာတွေက ရှိလည်းမကောင်း မရှိလည်းမကောင်းဘူး။ စိတ်ကတော့ နွေဦးလေရူးထဲမှာ လေနဲ့အတူ လွင့်ပါလာတဲ့ ရော်ရွက်ဝါတွေလိုပဲ။ ဆေးရုံမှာရှိနေတဲ့ အမေ့ ဆီလည်း ရောက်တယ်။ ကိုချို့တီဆီကိုလည်း ရောက်တယ်။ ကျောင်းနေ ဖက်သူငယ်ချင်းတွေ သဇင်နွယ်၊ သူဇာသိုက်၊ ရတနာစုတို့ဆီလည်း ရောက်

mgyoe.com

သွားတာပေါ့။ ကောင်မလေးတွေ ဒီအချိန် ဘာလုပ်နေကြမှာပါလိမ့်။ ဝတ္ထု စာအုပ်တွေပဲ ဖတ်နေကြမလား။ ထမင်းချက်တဲ့အဒေါ်ကြီးနားကပ်ပြီး ဟင်းချက်နည်း သင်နေကြမလား။ သူငယ်ချင်းတစ်ယောက်ဆီ တယ်လီဖုန်း ဆက်နေတာလည်း ဖြစ်နိုင်တယ်။ အောင်ဘိုတို့ မိသားစုဆီလည်း စိတ်က ရောက်သွားတယ်။ သူတို့မိသားစုရဲ့ကျေးဇူးက ကျွန်တော်တို့အပေါ်မှာ အများကြီးရှိတာလေ။ အထူးသဖြင့် ကျွန်တော်နဲ့ ကိုချို့တီအပေါ်မှာ။ စောဝေ တို့ တိုနီအောင်တို့အပေါ်မှာတော့ မဆိုလိုပါဘူး။ စောဝေတို့ တိုနီအောင်တို့ ရဲ့ ကျေးဇူးလည်း ကျွန်တော်တို့နှစ်ယောက်အပေါ် မကင်းဘူး။ ဒီကျေးဇူးတွေ ကို ခဏခဏ သတိရတယ်။

ကျွန်တော် ဘာဖြစ်လို့ ဂစ်တာတီးဖြစ်နေတာလဲ။ ကျွန်တော်ဖြစ်ချင် နေတဲ့ ဂစ်တာသမားတစ်ယောက်ကော ဖြစ်နေပြီလား။ ကိုယ့်ကိုယ်ကိုယ် ခဏခဏမေးဖြစ်တဲ့ မေးခွန်းပေါ့။ ဂစ်တာနံဘေးမှာ ခွာချထားတဲ့ အသားမာ စလေးတွေသာ စုထားခဲ့မိရင် အခုချိန်ဆို တော်တော်များနေရော့မယ်။

ဒီအဆင့်နဲ့ ကျေနပ်ရောင့်ရဲတော့မှာလား။ ဒီ့ထက်ပိုပြီး ပိုင်နိုင်ကျွမ်း ကျင်အောင် ကျွန်တော် ဘာတွေလုပ်ရမလဲ။ ဆရာကောင်းတစ်ယောက် လောက် လိုနေတာလား။ ကျွန်တော့်အရည်အချင်းကိုသိပြီး တည့်မတ် လမ်းညွှန်ပေးမယ့်သူလေ။ လက်အရွေ့အပြောင်းလား။ လေယာဉ်မှူးတွေ မှာ ပျံသန်းချိန်နာရီ ရှိသလို၊ ဂစ်တာသမားတွေမှာကော ဂစ်တာတီးချိန် နာရီရှိသလား။

ရန်ကုန်မှာရှိတဲ့ ဂစ်တာဆရာဆိုတာလည်း စုံသလောက်နီးနီးရှိသွား ပြီ။ သူများ လေး၊ ငါး၊ ခြောက်လတီးရ၊ လေ့ကျင့်ရတဲ့ သင်ရိုးတွေ တစ်လ နှစ်လနဲ့ ကျွန်တော် သင်ရိုးကုန်ခဲ့ပြီလေ။ ဆရာသမားတွေဆီက စာအုပ် တွေက ကျွန်တော်နဲ့ ကိုချို့တီ လက်လှမ်းမီတာများတယ်။ သူငယ်ချင်း တစ်ယောက်မဟုတ်တစ်ယောက်ဆီမှာ ရှိတတ်တာမျိုးတွေပါ။ တော် လောက်ပါပြီ၊ ဒီလောက်ဆိုရင် မင့်လက်က ပရော်ဖက်ရှင်နယ်လက်ဖြစ်နေ ပြီတဲ့။ ဘယ်ဆရာတွေက ဘယ်လိုပြောပြော ကျွန်တော်ကတော့ ဒီပညာကို ဆက် ဆည်းပူးနေတာပဲ။ အထူးသဖြင့် ဘေ့စ်ဂစ်တာမှာပေါ့။

ရုရှားက စာရေးဆရာ အလက်ဇင်ဒါပုသျှကင်ရဲ့ အထိမ်းအမှတ်

mgyJoe.com

mgyee.com


ရုပ်တုအောက်မှာ စာထွင်းထားသတဲ့။ "တစ်နေ့တော့ ရုရှားပြည်သူတွေဟာ ငါ့အကြောင်းကို ပြောကြားနေကြလိမ့်မယ်"တဲ့။ ဒီစကား ကြားမိပြီး ကြက်သီးမွေးညင်းတောင် ထမိတယ်။ အခု ရုရှားပြည်သူတွေတင် ဘယ်ကလို့လဲ။ ကမ္ဘာ့ပြည်သူတွေက အလက်ဇင်ဒါပုသျှကင်အကြောင်း ပြောနေကြရတာ မဟုတ်လား။

ကျွန်တော်ကလည်း ဒီလိုအမှတ်တရရုပ်တု အထုခံရတဲ့ လူသိပ်ဖြစ်ချင်တာလေ။ မြန်မာပြည်ရဲ့ဂစ်တာအကြောင်းပြောရင် 'ဖွန်မိုး'ဆိုတဲ့ နာမည်ပါကိုပါရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့အကောင်ပေါ့။ ဆိဆုံဆည်ရွာစား နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားစိန်ဗေဒါကို လေးစားအားကျတဲ့အထဲမှာ ဘော့စ်ဂစ်တာကို ဖောက်ချတီးနေတဲ့ ကျွန်တော်လည်းပါတယ်။ ဒါကြောင့် အရင်က တစ်နေ့ကို ဂစ်တာအတီး လေးနာရီ လေ့ကျင့်ခဲ့တယ်။

ဒီနေ့ စင်မြင့်ပေါ်မှာ သိပ်မလေ့ကျင့်ကြတဲ့ ချာတိတ်တွေ တက်ပြီးနေရာယူနေကြတာ တွေ့နေရတာပဲ။ တချို့ချာတိတ်တွေဆိုရင် ကျွန်တော်တို့တွဲတီးပြီး စင်မြင့်ပေါ် ခေါ်လာခဲ့ကြတာ၊ ပွဲတိုးဖူးအောင်လို့။ စင်ပေါ်ကျတော့ သူ့ဂစ်တာသံကို လျှော့ထား၊ တိုးထားခဲ့ရတဲ့ ငတိလေးတွေပေါ့။ အခုတော့ ဧရာမကြီးတွေတဲ့၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ သူတို့ပုံတွေချည်း။ ထားပါတော့၊ မုဒိတာ ဖြစ်စရာပါ။

ကျွန်တော်လေးစားပြီး သဘောကျနေတဲ့ ငနဲကြီးက ဂစ်တာကို တစ်နေ့ ငါးနာရီတီးသတဲ့၊ လေ့ကျင့်သတဲ့။ ကြားခါစ ကိုယ့်နားကို မယုံဘူး။ နောက်တော့ ကျွန်တော်လည်း သူ့အားကျပြီး ငါးနာရီလိုက်တီးတော့တာပါပဲ။ အစပါပဲ၊ နည်းနည်းပင်ပန်းသလိုလိုနဲ့။ နောက်တော့ ငါးနာရီဆိုတာ ဘာမှမဟုတ်တော့ပါဘူး။ မျက်လုံးထဲမှာလည်း ဧကတွေရာနဲ့ချီပြီး ကျယ်တဲ့ သစ်တောဥယျာဉ်၊ ပန်းဥယျာဉ်ကြီး။ စကျင်ကျောက်တုံးဖြူဖြူ ဒါမှမဟုတ် မည်းမှောင်နေတဲ့ ဒိုလိုမိုက်ကျောက်တုံးကြီးကြီး ကြမ်းကြမ်းကြီးအပေါ်မှာ ကျွန်တော့်ပုံ ကိုယ်တစ်ပိုင်းပုံ ကြေးရုပ်။ ဟိုးအဝေး၊ ဟိုးအနာဂတ် သစ်ကြီးဆီမှာ ဂစ်တာ ကြိုးစားတီးကြမယ့် လူငယ်တွေကို မျှော်ကြည့်နေဟန်နဲ့ပေါ့။

သီချင်းနားထောင်တဲ့အချိန်တွေ မပါဘူး။ ဂစ်တာကိုချည်း ငါးနာရီကြာ တီးတာ။ ဂစ်တာလေးခမျာ မသက်သာရှာဘူး။ အသက်ဝိညာဉ် မရှိ

mgyee.com

mgyoe.com

လို့သာပေါ့။ အသက်သာရှိရင် သူလည်း အသံတွေဝင်လို့နေမှာပါ။ မျက်ရည်တွေကျနေမလား၊ ညည်းညူနေမလား တစ်ခုခုပဲ။

ဂစ်တာလေးက အင်းစိန်က ဆရာပေါလု လုပ်ပေးတဲ့ ဂစ်တာလေး၊ ထွင်းအိုးလေး။ ဒီဂစ်တာကို ကိုချို့တီနဲ့ ကျွန်တော်နဲ့ စပ်တူပိုင်ကြတာ။ ဆရာပေါလုဆီမှာ ကိုချို့တီ အော်ဒါမှာထားတာ။ ဆရာကြီးက အလုပ်သမားတွေ၊ တပည့်တွေ ရှိရှာတာမဟုတ်ဘူး။ သားအဖနှစ်ယောက်တည်း လုပ်နေကြတာ။ တစ်ခါတလေ မြစ်ဝကျွန်းပေါ်ဘက်က တူလေးတွေလာပြီး ကူညီလုပ်ပေးကြတယ်။ ဂစ်တာလုပ်တဲ့ပညာ လာသင်ကြတာလေ။ ဒါပေမဲ့ စည်းကမ်းကြီး၊ စနစ်ကျလွန်းလို့ ဆရာပေါလုနဲ့ ရေရှည်မနေနိုင်ကြဘူးတဲ့။

ဒီဂစ်တာလေးရဖို့ လေးလလောက် စောင့်ရတယ်။ စောင့်ရင်းစောင့်ရင်းနဲ့ ကိုချို့တီက ဂစ်တာလုပ်ပုံလုပ်နည်းကို ကြည့်ကြည့်လာတယ်။ ဂစ်တာလုပ်နည်း၊ ထွင်းအိုးဂစ်တာထွင်းနည်းတွေ မှတ်လာတယ်။ သူသိချင်တာတွေလည်း မေးခဲ့တယ်။ ဆရာပေါလုကလည်း ဆရာစားမချန်ပါဘူး။ ပြောပြရှာပါတယ်။ စေတနာကောင်းရှာတယ်။

"ဂစ်တာအသံကောင်းအောင်လို့ မျက်နှာဖုံးအသားနဲ့ အတွင်းတန်းပေါ်မှာ မူတည်တယ်။ အထပ်သားထက် ထင်းရှူးသား မျက်နှာဖုံးက ပိုအသံကောင်းတယ် ဖွန်မိုးရ။ မျက်နှာဖုံး ဘရိတ်ခုံနားကို လက်ညှိုးနဲ့ အသာခေါက်ကြည့် အိုးအသံက ဟိန်းနေရမယ်"

အင်းစိန်က သူတတ်ခဲ့ ကြားခဲ့သမျှ ပြန်ဖောက်သည်ချတတ်တယ်။ "ဆရာပေါလုကပြောတယ် အဖုံးစပ်တာ၊ သပ်ရိုက်တာ ညပိုင်းမှာလုပ်ရင် ပိုကောင်းတယ်တဲ့။ ညဘက်က အအေးဓာတ်ရှိတယ်၊ နေ့ခင်းလိုမဟုတ်ဘူး။ ဒီအအေးဓာတ်ကြောင့် သစ်သားတွေရဲ့တိုးအားနဲ့ တစ်ခုနဲ့တစ်ခုကြားမှာရှိတဲ့ ကော်အားပေါင်းပြီး သစ်သားကျစ်အား ကောင်းသွားတာပေါ့။ ဒါကြောင့်မို့ သစ်သားကွဲတာ၊ ကော်ကွာတာ အတော်သက်သာသွားတယ်" တဲ့။ ဒါမျိုးတွေ ကိုချို့တီဆီကတစ်ဆင့် ကြားရတတ်တယ်။

ဂစ်တာလေးပြီးသွားတဲ့အခါ ဆရာပေါလုအိမ်မှာ စမ်းပြီးတီးကြည့်ပြီး ချက်ချင်း အိမ်ကို သူမယူနိုင်ခဲ့ဘူး။ ဂစ်တာဖိုး ပိုက်ဆံမပြည့်တော့ဘူး။
mgyoe.com

m gyobe.com
ဒါနဲ့ ကျွန်တော့်ဆီက ပိုက်ဆံလာယူရတယ်။ ကျွန်တော့်မှာလည်း ပိုက်ဆံက မရှိပြန်ဘူး။ နောက်တော့ အခန်းချင်းကပ်နေတဲ့အစ်မတစ်ဝမ်းကွဲ မမလှိုင်မေဆီသွားပြီး ပူဆာရတာပေါ့။ သူပေးနေကျမုန့်ဖိုး ကြိုယူတဲ့သဘောပါ။ နှစ်လစာ မယူပါဘူး မမလှိုင်မေ၊ ဘာညာသွားလုပ်ရတာပေါ့။

မမလှိုင်မေက ကျွန်တော်လိုချင်တဲ့ဂစ်တာဖိုး ထုတ်ပေးလိုက်ပါတယ်။ တကယ်လည်း မုန့်ဖိုးနှစ်လစာ မပေးတော့ဘူး။ ကျွန်တော်ကို ဂစ်တာဖိုးလည်း ထုတ်ပေးပြီးရော ဒိုင်ယာရီထဲ တောက်လျှောက်သွားပြီး ရေးထားသလား၊ ပြက္ခဒိန်နှစ်ရွက်မှာ ကောက်ခါငင်ခါ ရေးမှတ်လေသလား မပြောတတ်ဘူး။

ပိုက်ဆံရလို့ ဂစ်တာသွားရွေးကြတော့ ကျွန်တော်ရော အောင်ဘိုပါ ပါတယ်။ ဟိုရောက်တော့ တကုပ်ကုပ်နဲ့ အလုပ်လုပ်နေတဲ့ ဆရာကြီးတို့ သားအဖကို တွေ့ရတယ်။ ကျွန်တော်တို့အဖွဲ့တွေ့တော့ သူတော်တော် ဝမ်းသာသွားပုံရတယ်။ ကိုချို့တီကိုကြည့်ပြီး –

“မင်းက ပြန်လာမယ် ပြောသွားပြီး မလာတော့ ငါမျှော်နေတာပေါ့”

သူ့လေသံနားထောင်တာနဲ့ ကရင်လူမျိုးမှန်း သိသာတယ်။

“ကျွန်တော့်ပိုက်ဆံ မပြည့်တော့တာနဲ့ လျှောက်ရှာနေရလို့ပါ ဆရာပေါလု”

“ဩော် . . . အခုရခဲ့ပြီလား”

ကိုချို့တီက အိမ်ကထွက်ကတည်းကရော ဘတ်စ်ကားပေါ်မှာရော လက်ထဲဆုပ်ထားတဲ့ ပိုက်ဆံတွေကို ဆရာပေါလုလက်ထဲထည့်လိုက်တယ်။ သူ့လက်ဖဝါးမှာ အဆီတွေပြန်လို့။

ဆရာပေါလုတို့ သားအဖရဲ့ လုပ်ငန်းခွင်က စိတ်ဝင်စားစရာပဲ။ အကြမ်းထည်ပြီးတဲ့အလုံး၊ အခုမှ စလုပ်နေတဲ့ဂစ်တာ၊ ဖလက်တံတွေ အသားသေအောင် ခြောက်အောင်ထားတာတွေ ထင်ပါရဲ့။ တချို့လည်း ချိတ်ထားရဲ့။ ကော်ပတ်စက္ကူ အဟောင်းတွေလည်း မြင်ရတယ်။ သစ်သားနံ့၊ ပေါလစ်နံ့တွေ သင်းနေတဲ့ တဲလေးပါပဲ။ ကုက္ကိုပင်ကြီးတွေ ပိတောက်ပင်ကြီးတွေ အုပ်မိုးလို့။ အေးမြတဲ့ အရိပ်ကောင်းကောင်းအောက်က ဂစ်တာ အလုပ်ရုံတဲလေးပေါ့။

ဂစ်တာလေးတွေ့တဲ့အခါ မြင်မြင်ချင်း ချစ်စရာ၊ လိုချင်စရာလေး။
mgyobe.com

mgyoe.com

အောင်ဘိုကို မျက်လုံးမှာ အရောင်တွေထွက်နေသလား အောက်မေ့ရတယ်။ လျှော့ထားတဲ့ကြိုးတွေ ပြန်ညှိနေချိန်မှာ ငွေစက္ကူအမျိုးမျိုးပါတဲ့အတွက် ဆရာပေါလု ရေတွက်ရတာ မျက်စိလည်နေတယ်ထင်ပါရဲ့၊ နောက်တစ်ခေါက်ထပ်ရေတယ်။

ကျွန်တော်တို့မှ သဘောကျတာမဟုတ်ပါဘူး။ ဂစ်တာဝါသနာပါသူ၊ ဂစ်တာ အကောင်းအညံ့ ခွဲသိတဲ့လူတိုင်းက ဒီဂစ်တာလေးမြင်ရင် လိုချင်ကြမှာပါပဲ။ အရောင်ကလည်း သစ်သားရောင်၊ ပင်ကိုအရောင်။ ဖလက်တံက အနက်နဲ့။ ကီးတွေကလည်း နှစ်ကယ်ရောင် တဖိတ်ဖိတ်လွင်နေပြီး လှည့်ရတာ မချောင်လွန်း၊ မကျပ်လွန်းဘူး။ ဂျပန်ကီးတွေလို့ ဆိုတယ်။ တကယ်ကို သေသပ်လှပပြီး လိုချင်စရာပါ။ ကိုချို့တီနဲ့ စပ်တူပိုင်ကြတာ မဟုတ်ဘဲ ကျွန်တော်တစ်ယောက်တည်းပိုင်တဲ့ ဂစ်တာလေးဖြစ်လိုက်ပါတော့ဆိုတဲ့ အတွေးမျိုးတောင် ဝင်လာမိတယ်။

အောင်ဘိုက မနေနိုင်တော့ဘူး။ သူလည်း အော်ဒါတစ်လက်မှာခဲ့တယ်။ ဆရာပေါလုက ကိုချို့တီလိုပဲ လေးလလောက်ခွာပြီး ချိန်းလိုက်တယ်။ ဆရာပေါလုက စရန်ငွေတောင် မတောင်းပါဘူး။ ဒါပေမဲ့ အောင်ဘိုက စရန်သတ်ခဲ့တယ်။

ဆရာပေါလုအိမ်ကနေ ဘတ်စ်ကားပြေးနေတဲ့လမ်းမပေါ်အထိ ကျွန်တော်တို့ ဂစ်တာလေးရဲ့ကောင်းခြင်းနဲ့ ဆရာပေါလုကို ဂုဏ်ပြုတဲ့ စကားတွေပဲ ပြောဖြစ်ကြတယ်။ ဘတ်စ်ကားမလာခင်အထိပေါ့။ ဘတ်စ်ကားလာတော့ ကားက လူတော်တော်ကျပ်တာနဲ့ ဂစ်တာအသစ်လေးကို ညှာတာကြပြီး ကားပေါ်မှာ လူချင်းခွဲလိုက်ရတယ်။ ဒါကိုပဲ ဘတ်စ်ကားပေါ်ကဆင်းရင် ပြောချင်တာတွေ၊ ပြောစရာတွေ တစ်လမ်းလုံး စဉ်းစားလာမိတယ်။

ကိုချို့တီကလည်း လူကြီးစိတ် တကယ်ပြည့်တဲ့လူ။ သူလည်း သူ့စိတ်တိုင်းကျ လုပ်ထားတဲ့၊ သူ့ပိုက်ဆံလည်းပါတဲ့၊ အင်းစိန်လည်း အခေါက်ခေါက်သွားပြီး စောင့်ကြည့်နေခဲ့တဲ့ ဒီဂစ်တာလေး တီးချင်မှာပေါ့။ အသံလေးကလည်း ကောင်းနေတဲ့ဂစ်တာပဲ။ ဒါပေမဲ့ ကျွန်တော်တီးချင်နေမှန်းသိလို့ ကျွန်တော့်ဆီမှာ နှစ်ညအိပ်လောက် ထားသွားသေးတယ်။

ခန္ဓာကိုယ်မှာ ချွေးတွေ စိုနေရင်တို့၊ ရေတွေစိုနေရင် သတိထားဂရု

mgyoe.com

mgyoe.com
စိုက်ပြီးကိုင်ဖို့ မှာတယ်။ ဂစ်တာမှာ ဆေးကွက်မှာစိုးလို့။ ဂစ်တာတီးပြီးတိုင်း ကြိုးတွေကို ပြန်လျှော့ထားရတယ်။ ဘာရိတ်ခံ့ ကြွတာတို့ လက်တံ မညောင်းအောင်လို့တဲ့လေ။ သူ့ဂစ်တာကို နေရောင်ထဲပစ်ထားမှာမျိုး မကြိုက်ဘူး။ ပြီးတော့ တိုင်မှာချိတ်ရင်လည်း ချိတ်ရမယ့်ငုတ်က ခိုင်ရဲ့လား၊ သေသေချာချာ စမ်းပြီးမှ ဂရုတစိုက်ချိတ်တာ။

အစကတော့ ဒီလူ့နှယ် ပိုရန်ကောလို့ စိတ်ထဲက အပြစ်တင်မိတယ်။ နောက်တော့ တကယ်ကို ကိုယ့်ဂစ်တာကို မြတ်နိုးတန်ဖိုးထားလာတတ်တဲ့ အချိန်မှာ ကိုချို့တီ သင်တာတွေက အမှန်တွေချည်းပဲ။

ကျွန်တော် သဘောကျလေးစားတဲ့ မန္တလေးက ဂစ်တာသမားတစ်ယောက်က ရေပုလင်းရယ်၊ ငှက်ပျောသီးတွေရယ် လွယ်အိတ်တစ်လုံးထဲ ထည့်သွားပြီး ဘူတာထဲက ကုန်ရထားတွဲလွတ်တွေအပေါ်မှာတက်ပြီး ဂစ်တာလေ့ကျင့်သတဲ့။ ကျင့်တာမှ တစ်နေ့ခြောက်နာရီကျင့်တယ်ဆိုပဲ။ ကျွန်တော် တော်တော်ဖျားသွားတယ်။

ဒီလူမှ တစ်နေ့ခြောက်နာရီကျင့်ရင် ငါကရော ဘာလို့မကျင့်နိုင်ရမှာလဲ၊ ကျင့်ကိုကျင့်နိုင်ရမယ်ဆိုတဲ့စိတ် ဝင်မိတယ်။ ဒါမှလည်း ဂစ်တာမှာ လူတန်းစေ့မှာ ထိပ်တန်းရောက်မှာ ဟုတ်လား။

တစ်နေ့ အနည်းဆုံး ခြောက်နာရီ . . .

တစ်နေ့ အနည်းဆုံး ခြောက်နာရီ . . .

တစ်နေ့ အနည်းဆုံး ခြောက်နာရီ . . . ပါးစပ်ကလည်း အရူးတစ်ယောက်လို ခဏခဏရွတ်တယ်။ ရွတ်တာမှ ပါးစပ်က လှုပ်စိလှုပ်စိဖြစ်နေလို့ ကိုချို့တီတို့ တိုနီအောင်တို့ကတောင် ဘာတွေရွတ်နေတာတုံးလို့ မေးကြရတယ်။ အနားမှာ တိုနီအောင်ရှိနေတော့ ဘာမှမဟုတ်ပါဘူးဗျာ၊ အမေရွတ်ခိုင်းတဲ့ ဂါထာလေးပါလို့ ပြောလိုက်ရတယ်။ ကိုချို့တီတစ်ယောက်တည်းရှိတော့မှ တစ်နေ့ အနည်းဆုံး ခြောက်နာရီ ဂစ်တာတီးဖို့ ပါးစပ်က ရွတ်ကြည့်နေတာလို့ ပြောလိုက်တော့၊ ကိုချို့တီ မျက်လုံးကြီးတွေပြူးလို့။ ထူးဆန်းတဲ့သတ္တဝါတစ်ကောင်ကို ကြည့်သလိုမျိုး . . .

"ဟေ့ကောင် တော် . . . တော် . . . မင်းခြောက်နာရီထက်တော့ မကျော်စေနဲ့၊ ခြောက်နာရီထက်ကျော်ပြီးတီးရင် မင်းရူးသွားလိမ့်မယ်"တဲ့။
mgyoe.com

mgyoe.com

အခန်းထဲက အဝတ်ဗီရိုအတွင်းပိုင်းမှာလည်း စာရွက်တစ်ရွက်မှာ ရေးပြီးကပ်ထားလိုက်တယ်။ အပြင်မှာ ကပ်လို့မရဘူး၊ အပြင်မှာ ကပ်ထားရင် အဖေနဲ့ တွေ့သွားနိုင်တယ်။ တွေ့သွားရင် . . .

* * *

ကျွန်တော်နဲ့ ကိုချို့တီနဲ့ နွေရာသီကျောင်းပိတ်ရက်တွေမှာ အောင်ဘိုတို့အိမ်ကို နေ့တိုင်းလိုလိုပဲသွားပြီး သီချင်းနားထောင်တတ်ကြတယ်။ ကျွန်တော်နေတဲ့ ရန်ကင်းကို ကိုချို့တီက သူနေတဲ့ တာမွေကနေ ရောက်အောင်လာတယ်။ ကျွန်တော့်ဆီကနေ အောင်ဘိုတို့နေတဲ့ ဘောက်ထော်ကို ဘတ်စ်ကားခရှိရင် ဘတ်စ်ကားနဲ့၊ မရှိရင်လည်း ခြေကျင်လျှောက်ကြတယ်။ ဘတ်စ်ကားခက အမြဲတမ်းရှိတာမဟုတ်ဘူး။ တာမွေက လာရတာ၊ တာမွေပြန်ရမှာနဲ့၊ ပြီးတော့ ကိုချို့တီက ဆေးလိပ်သိပ်ကြိုက်တာလေ။ ဆေးလိပ်ဖိုး ချန်ရသေးတယ်။

အောင်ဘိုတို့အိမ်မှာ 'အကိုင်း' တိပ်ရီကော်ဒါ ရှိတယ်။ ပြီးတော့ 'ဂရန်းဒစ်'ဆိုတဲ့ ရေဒီယိုရော ဓာတ်စက်ပါ ဖွင့်လို့ရတဲ့ ရီကော့ချိန်ဂျာလည်း ရှိတယ်။ အောင်ဘို အဖေနဲ့အမေ အန်ကယ်အောင်ရော အန်တီမိမိကပါ ကျွန်တော်တို့ကို သူ့သားရဲ့ သူငယ်ချင်းတွေအနေနဲ့ ရီကော့ချိန်ဂျာရော၊ တိပ်ရီကော်ဒါရော ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားတယ်လေ။ ကျွန်တော်က အောင်ဘို့ကြောင့် ဘီတဲလ်(စ်)တို့ ရိုလင်စတုန်းစ်တို့ ဘီးဂျီးစ်တို့ ရှဲဒိုးစ်တို့ ဗင်းချားစ်တို့ နားထောင်ဖူးတာ။ ဒီတီးဝိုင်းတွေရဲ့သီချင်းတွေတင် မကပါဘူး ကော်ဖီချိန်တန်ရင် ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်၊ ထမင်းချိန်တန်ရင် ထမင်းစားခဲ့ကြတာပေါ့။ ကြာ့လာတော့ အားနာစရာတောင် ကောင်းလာတယ်။

တကယ်တော့ အဲဒီအချိန်မှာ ကက်ဆက် စပေါ်နေပါပြီ။ ကျွန်တော်တို့နဲ့ လက်လှမ်းမမီသေးတာပါ။ နောက်တော်တော်ကြာတော့ အောင်ဘို့ အဖေက ကက်ဆက်ဝယ်တယ်။ တိုနီအောင်လည်း မကြာဘူး ဝယ်နိုင်တယ်။ ကျွန်တော့်အတွက်တော့ အစ်ကိုဒီဆောင်း အကြာကြီးခရီးထွက်ပြီး ပြန်လာမှ ကက်ဆက်ဟောင်းလေးတစ်လုံး ပါလာတယ်။ ဒီတော့ ကိုခင်မောင်တိုးတို့၊ ကိုခိုင်ထူးတို့၊ ကိုခင်ဝမ်းတို့ သီချင်းသံတွေလည်း အိမ်ထဲ

mgyoe.com

mg

ပျံ့လွင့်နေတော့တာပေါ့။

သီချင်းတွေ နားထောင်ပြီးလို့ ပြန်လာရင် ကျွန်တော်တို့နှစ်ယောက် ကိုယ့်ပီတိနဲ့ကိုယ်၊ ကိုယ့်အတွေးနဲ့ကိုယ် ဘာစကားမှ မပြောဘဲ ပြန်လာခဲ့ကြတယ်။ တစ်ခါတလေလည်း ပြောစရာတွေ၊ ဆွေးနွေးစရာတွေ ပါလာတာပေါ့။

"ဟော့ကောင် ဖွန်မိုး၊ ဒီနေ့ သီချင်းတွေနားထောင်ရလာ တကယ်တန်တယ်ကွ"

ကျွန်တော်တို့ ပိုက်ဆံပေးပြီးနားထောင်ကြရတာလည်း မဟုတ်ဘဲနဲ့၊ ပေးစရာလည်း မရှိကြပါဘူး။ ကိုချို့တီက အောင်ဘိုတို့ တိုနီအောင်တို့ စောဝေတို့ဆီက သီချင်းနားထောင်ပြီး ပြန်အလာ သူ့မှာ ပြောစရာရှိရင် အဲဒီလို အင်ထရိုဝင်တတ်တယ်။ ပြီးရင် ဘီးဂျီးစ်အဖွဲ့က ဘယ်လို၊ ဗင်းချားစ်အဖွဲ့က ဘယ်လိုနဲ့ သူသဘောကျပြီး နားထဲစွဲနေတဲ့သီချင်းတွေ၊ တီးလုံးတီးကွက်တွေ ပြောတော့တာပါပဲ။ ကျွန်တော်တို့နှစ်ယောက် ဒီအကြောင်းတွေ အားရပါးရ ပြောနေတုန်း မျက်နှာချင်းဆိုင်က လျှောက်လာကြတဲ့လူတွေ ကျွန်တော်တို့ကျော်သွားရင် လည်ပြန်လှည့်ကြည့်ရတယ်။

ဒွန် ဒ ဒွန်း ဒွန့် ဒွန် . . . ဒီ ဒီး ဒွန် . . . ဘေ့စ်သံတွေရော၊ လက်ဟန်တွေရော၊ ပြီးတော့ တိုးတိုးသက်သာလည်းမဟုတ်။ ဌာန်ကုန်။

ကိုချို့တီပြောတော့မှ ကျွန်တော် နားလျှံသွားတာလေးတွေ၊ အာရုံလွတ်ပြီး နားမစိုက်မိတာလေးတွေအတွက် ဆောရီးဖြစ်မိတယ်။ စိတ်က အမေ့ဆီ ခဏရောက်သွားတာလေ။ အမှန်တော့ ကိုချို့တီက ကျွန်တော့်ကို ခင်တာ ချစ်တာဟာ အစ်ကိုအရင်း ကိုဒီဆောင်းထက် မလျော့ပါဘူး။ ညီတစ်ယောက်လိုလည်း ညှာတယ်၊ ဂရုစိုက်တယ်။ အစ်ကို့သူငယ်ချင်း အစ်ကိုအရွယ် ကျွန်တော့်ထက် သုံးနှစ်ကျော်ကျော်ကြီးပေမဲ့ ပေါင်းတာတော့ သူငယ်ချင်းပေါင်း ပေါင်းတာပါ။ သင်စရာရှိရင်လည်း သင်ပေးတယ်။

သူပြောတာ၊ ဆွေးနွေးတာလေးတွေ နောက်တစ်နေ့ အောင်ဘိုတို့ အိမ်ရောက်ရင် ဂရုစိုက်ပြီး ပြန်နားထောင်လိုက်ဦးမယ်လို့ တေးထား၊ မှတ်ထားပေမယ့် နောက်တစ်နေ့ရောက်ပြန်တော့လည်း ဓာတ်ပြားအသစ်ရောက်နေလို့၊ တိပ်ခွေအသစ်သွင်းထားတယ်ဆိုရင် ကိုချို့တီပြောတာလေးတွေ

mgyee.com

mgyoe.com
နားမထောင်ဖြစ်ပြန်ဘူး။

ဒါနဲ့ နောက်တော့ လမ်းရောက်မှ သူဆွေးနွေးလို့ ကိုယ်မကြားမိ၊ အာရုံမစိုက်မိဘဲ နားလျှံတာလေးတွေကြုံရင် –

"ကိုချို့တီ ရှေ့မှတ်တိုင်မှာ ကျွန်တော်ဆင်းမယ်"

"ဘာလုပ်မလို့လဲ"

"ကိုချို့တီပြောတာတွေ နောက်တစ်ကျော့ ပြန်နားထောင်ချင်လို့"

"ဆင်းချင်ရင်လည်း ဆင်းနေရစ်ခဲ့လေ"လို့ ပြောပြီး တကယ်ဆင်းတော့ သူလည်း နောက်ကလိုက်ဆင်းလာတာပဲ။

အောင်ဘိုတို့အိမ်ရောက်တော့ ခုနက နားထောင်သွားပြီးသား နောက်ထပ်ပြန်လာပြီး ဘယ်နှခေါက်ပြန်ဖွင့်ဖွင့် သီချင်းတွေ ဘယ်လိုကျော့နေနေ ဘယ်သူမှ ဘာမှ မပြောကြဘူး။ ကျွန်တော်တို့ကလည်း အလိုက်ကန်းဆိုး အတော်မသိတတ်ကြဘူး။ သီချင်းနားထောင်ရုံမကဘူး ထမင်းကျွေးရင် ဝင်စားလိုက်ကြသေးတယ်။

ဒီလို နားထောင်ရင်း ကိုချို့တီပြောတဲ့အပိုဒ်လေးရောက်ရင် နားအရသာခံမိတယ်။ အလှည့်အပြောင်းနဲ့ ကီးပြောင်းတီးသွားတာလေးတွေကို ခံစားတတ်လာတယ်။ ဝန်ခံရရင်တော့ ကျွန်တော့်နားက ကိုချို့တီကို မမီဘူး။ ကိုချို့တီလိုဖြစ်အောင် ကြိုးစားရဦးမယ်။ အောင်ဘို့ကိုလည်း အားကျမိတယ်။

အောင်ဘို ကံကောင်းတာက သူ့အဖေရောအမေပါ ဂီတဝါသနာပါကြတာရယ်၊ သူ့တစ်ယောက်တည်းကိုပဲ မွေးထားတာရယ်။ ရီကော်ဒါတွေ၊ ရီကော့ချိန်ဂျာတွေရှိပြီး အဲဒီစက်တွေမှာဖွင့်ဖို့ တိပ်ခွေတွေ၊ ဓာတ်ပြားတွေဆိုတာက ဒီနေ့ခေတ်စားနေတဲ့ ကျော်ကြားနေတဲ့ သီချင်းတွေချည်း ဖြစ်နေလို့ပဲ။ အဖေက ဌာနကြီးတစ်ခုရဲ့ လူကြီးတစ်ယောက်ပဲ။ အမေကတော့ စာပေဗိမာန်မှာ စာတည်းအဖြစ် အမှုထမ်းနေတယ်။ အမေ့ဘက်က ဦးလေးတွေက ရန်ကုန်မြို့လယ်မှာ ကြော်ငြာစရာမလိုတဲ့ အသံသွင်းဆိုင်ရှင်တွေလေ။ မုန့်ဖိုးလည်း မပူရ၊ သီချင်းတွေက လက်တစ်ကမ်းတင်။ ကျွန်တော် အားကျတာတွေအများကြီးထဲက အမေနဲ့အတူနေရ၊ အမေ့ မေတ္တာရိပ်အောက်မှာ ကြီးရတဲ့ သူ့ဘဝက တစ်ခုပေါ့။

ဒီလောက်တောင် အခြေအနေတွေက ပို့ပေးနေတာတောင် ကျွန်တော့်

mgyoe.com

mgyoe.com

သူငယ်ချင်းက ဂစ်တာကို စိတ်လိုလက်ရရှိမှ အပျင်းပြေသဘောမျိုး၊ သဘော လောက်ပဲတီးတာ။ အောင်ဘိုရာ တီးပစ်လိုက်စမ်းပါ။ ငါသာ မင်းနေရာမှာ ဆိုရင် . . . ဆိုပြီး သူ့ကို အားမရလို့ ခဏခဏပြောမိတယ်။ ကိုချို့တီကဆိုရင် အန်ကယ်အောင်တို့ အန်တီမိမိတို့က ငါတို့နှစ်ယောက်ကို မွေးစားရင် သိပ် ကောင်းမှာပဲတဲ့။ တကယ်တော့ စာချုပ်စာတမ်းနဲ့ မမွေးစားရုံတစ်မည်ပါပဲ။

အန်တီမိမိတို့က အောင်ဘိုကို ဂရုစိုက်ပုံ၊ အောင်ဘိုဆိုးကြောင်း၊ မလိမ္မာ ကြောင်း ပြောတဲ့အခါ ကြားရတဲ့အခါ ကျွန်တော်ငေးပြီး နားထောင်နေရတာ ပေါ့။ ဆေးရုံမှာ တွေတွေငေးငေးနဲ့ ရှိနေမယ့် အမေ့ကိုလည်း မြင်ယောင်နေ တယ်။ ကျွန်တော်တို့အမေကလည်း ကျွန်တော်တို့ညီအစ်ကိုကို အန်တီမိ အောင်ဘို့ကိုချစ်တာနည်းတူ ချစ်ရှာမှာပါပဲ။

အမေ့ရဲ့ အချစ်၊ အမေ့ရဲ့မေတ္တာကို ကျွန်တော်တို့ညီအစ်ကို နို့ပုန်းစို့ ရတဲ့ကလေး နို့ဆာသလို တမ်းတမ်းတတ ဆာလောင်မွှော်လင့်ခဲ့ကြဖူးတယ်။ ကြတာတော့ ကြာနေပါပြီ။ ငယ်ငယ်တုန်းကပါ။ ညီအစ်ကိုနှစ်ယောက် ပလက်ဖောင်းပေါ်ဆင်းပြီး ကစားနေကြတယ်။ အိပ်ခန်းတံခါးကို ကျွန်တော် တို့ ကျကျနန မပိတ်မိခဲ့ကြဘူး။ အပြင်ကနေ မောမောပန်းပန်းနဲ့ ပြန်လာတဲ့ အဖေက တံခါးဟောင်းလောင်းကြီး ဖြစ်နေတာတွေ့တော့ ညီအစ်ကိုနှစ် ယောက်စလုံးခေါ်ပြီး ဆူပါလေရောလား။ ဆူရင်းနဲ့ ဒေါသပါ ပါလာပြီး ရိုက်ပါလေရော။ မတရားသဖြင့် ကျွဲရိုက်၊ နွားရိုက် ရိုက်တာတော့ မဟုတ် ဘူး။ ရိုက်တာ နာလို့တော့မဟုတ်ဘူး။ ဝမ်းနည်းပြီး ငိုကြတာ၊ အမေသာ ရှိရင် . . . ဆိုတဲ့အတွေးက တိုင်ပင်မထားပါဘဲနဲ့ ကျွန်တော်တို့ အတွေးထဲ ရောက်လာတယ်။

အဖေမရှိတဲ့အခန်းထောင့်လေးမှာ ညီအစ်ကိုနှစ်ယောက် ဖက်ပြီးငိုကြ ရင်းနဲ့ မေမေရေ မေမေရေလို့ အမေ့ကိုတပြီးငိုတော့ အစ်ကိုကလည်း မျက်ရည် တွေ တလိမ့်လိမ့်ကျရင်း သူပါ မေမေရေ မေမေရေနဲ့ လိုက်ငိုရှာတယ်။

အဖေလည်း တော်တော်စိတ်မကောင်းဖြစ်သွားတယ်ထင်ပါရဲ့။ နောင် တော့ ကျွန်တော်တို့ညီအစ်ကိုကို မရိုက်တော့ဘူး။ ပါးစပ်ကနေပဲ ပြောဆို ဆုံးမတော့တယ်။ ညီအစ်ကိုနှစ်ယောက်လည်း အမေ့အကြောင်းဆုံပြီး မပြောဖြစ်ကြတော့ဘူး။ ကျွန်တော့်ကြောင့် အစ်ကိုဒီဆောင်း မျက်ရည်မကျ

mgyoe.com

mgyoe.com
စေချင်ဘူးလေ။ အစ်ကို ခဏခဏပြောတဲ့စကားရှိတယ်။

"ဖွန်မိုး ညီလေး"

"ဗျာ"

"အမေ့ကို ချစ်တယ်မဟုတ်လား"

"ဘယ့်နှယ်မေးပါလိမ့် အစ်ကိုရာ"

"အစ်ကိုတော့ အမေ့ရောဂါ မြန်မြန်ပျောက်ပြီး အိမ်ပြန်လာရအောင် ကြိုးစားမယ်ကွာ"

အစ်ကိုဒီဆောင်းက သူ့ရင်ထဲရှိတဲ့စကားကို ရင်ဖွင့်တတ်တယ်။ ပြီးရင် သူ့စကားအတိုင်း မဖြစ်ဖြစ်အောင် ကြိုးစားတယ်။ ငါ စာမေးပွဲ အောင်ကို အောင်ရမယ်လို့ ပြောတယ်။ တကယ်လည်း နှစ်ချင်းပေါက် အောင်သွားတယ်။ ငါ နိုင်ငံခြားသင်္ဘောတက်ရအောင် ကြိုးစားမယ်ကွာတဲ့။ အဖေ့မှာ ပိုက်ဆံမရှိတာ သူသိတယ်။ ဒလဘက်က သူ့ သူငယ်ချင်း ကိုယဉ်သူတို့ မိဘတွေရဲ့ အကူအညီနဲ့ ပင်လယ်ရပ်ခြားကို သူစွန့်စားထွက်သွားတယ်။ သင်္ဘောပေါ်ကနေ အမေ့ဆေးကုစရိတ် ထောက်ပံ့ရင်း၊ ကိုယဉ် သူ့မိဘတွေ ပေးစရာတွေ ပြန်ပေးရင်းပေါ့။

* * *

အဖေနဲ့ လက်ထပ်တော့ အမေ့အသိုင်းအဝိုင်းက သဘောမတူကြဘူး။ သတင်းစာထဲကနေ ကြော်ငြာထည့်တယ်။ အဖေ အယ်ဒီတာလုပ်နေတဲ့ သတင်းစာမှာကို ထည့်ပြီးကြော်ငြာတာ။ အဖေကလည်း ခပ်ရွတ်ရွတ်လူ။ နေရာကောင်းကောင်းမှာ ထင်ထင်ရှားရှား ဖော်ပြပေးမယ်လို့ ကြော်ငြာလာထည့်သူကို ပြောပြီး တကယ်ကို ကြေးမျဉ်းပေါင်တွေ ဘာတွေနဲ့ ထင်းခနဲနေအောင် ထည့်ပေးလိုက်တာ။ အမေက ရန်ကုန်တက္ကသိုလ်မှာ ပညာသင်လျက်ပဲ ရှိသေးတယ်။

အဖေနဲ့ အမေတို့ အိမ်ထောင်ဦးဘဝမှာ မပြည့်မစုံနဲ့ တော်တော်ကို ရုန်းကန်ခဲ့ရသတဲ့။ ကျွန်တော်မွေးပြီးလို့ လေးနှစ်သားအရောက်၊ အစ်ကို ဒီဆောင်းက နှစ်တန်းဆိုတော့ ခုနစ်နှစ်သားလောက်မှာ သားတွေကို အမေက ရှင်ပြုချင်တယ်။ အလှူ့အမ ဖြစ်ချင်တယ်။ အဖေကတော့ သူ့ ထုံးစံအတိုင်း
mgyoe.com

mgyoe.com


ခပ်အေးအေးပဲ။ ရှင်ပြုစရာ ပိုက်ဆံလည်းမရှိဘူး၊ သားနှစ်ယောက် ရှင်မပြုရလို့လည်း ဘာမှမဖြစ်ဘူးလို့ အတွေးရှိတဲ့လူ။

ကျွန်တော်တို့ကို ရှင်ပြုချင်တော့ အစ်ကိုဒီဆောင်းနဲ့ ကျွန်တော့်ကို လက်ဆွဲပြီး မိုးကုတ် ခဏပြန်တယ်။ အမေက သူ့မျက်နှာ အောက်ချနင်းပြီး မိဘဆီ မြေးတွေလာပြတာလေ။ အဘိုးတို့ အဘွားတို့က လုံးဝလက်မခံဘူး။ တူးတူးခါးခါးပဲ။ ဦးလေးတွေ အဒေါ်တွေက ကျွန်တော်တို့ကို ကြည့်ပြီး သနားတာနဲ့ အစ်ကို အစ်မမသိအောင် တိတ်တိတ်ကျိတ်ပြီး ပေးလိုက်ကြတယ်။ လက်ဝတ်လက်စားတချို့နဲ့ ခရီးစရိတ်။ ကျွန်တော်တို့ ရုပ်ရည်တွေကလည်း မိုးကုတ်ဘက်က အဘိုးအဘွား နှာခေါင်းတွေ၊ ပါးစပ်တွေ၊ မျက်လုံးတွေ ရထားတာတဲ့။ အဲဒီခရီးမှာ အဖေမပါဘူး။ ရန်ကုန်မှာ သတင်းစာစက္ကူတွေ၊ ခဲစာလုံးတွေ၊ ကြေးနန်းသတင်းစာတွေကြားမှာ ကျန်ရစ်ခဲ့တယ်။

ရန်ကုန်ရောက်တော့ တစ်လမ်းလုံး မအိပ်ဘဲ လက်ဆွဲအိတ်ကိုပိုက်ပြီး လိုက်လာတဲ့အမေက သင်္ကန်းပရိက္ခရာတွေဝယ်ဖို့၊ ကျွေးမွေးဖို့ လက်ဝတ်လက်စားတွေ ခပ်မြန်မြန် ထုခွဲတော့တာပါပဲ။ ပစ္စည်းတွေက အရည်အသွေးကောင်းတွေဖြစ်တော့ သိပ်မကြာလိုက်ပါဘူး၊ ပစ္စည်းကောင်းနားလည်ရတဲ့ရတနာကုန်သည်တွေက နောက်ထပ်ရဦးမလားလို့ လာ လာ စုံစမ်းကြရတဲ့အထိပဲ။

လက်ဝတ်လက်စားရောင်းရငွေတွေ အကျေပေးချေတဲ့နေ့မှာပဲ ရုတ်တရက် ကောက်ခါငင်ခါ နေမကောင်းဖြစ်ပြီး အမေ အိပ်ရာထဲလဲပါရောလား။ အမေ ရှင်ပြုပေးချင်တဲ့ ကျွန်တော်တို့ညီအစ်ကိုလည်း ရှင်မပြုလိုက်ရတော့ဘူး။ စိတ်ထိခိုက်သွားရှာတယ်။ အဘိုးနဲ့ နှာခေါင်းတွေ၊ မေးရိုးကျပုံတွေ၊ မျက်လုံးတွေ တူတယ်ဆိုတဲ့ အစ်ကိုဒီဆောင်းကိုရော အဘွားရဲ့ မျက်ခုံး၊ အဘွားရဲ့ နှုတ်ခမ်း၊ အဘွားရဲ့ မေးချွန်ချွန်လေးရထားတယ်ဆိုတဲ့ ကျွန်တော့်ကိုရော အမေ မှတ်မိတစ်ချက် မမှတ်မိတစ်ချက်နဲ့။ ကြာတော့ မမှတ်မိတာ ခပ်များများဖြစ်ပြီး အိမ်နဲ့ စိတ်ရောဂါကုဆေးရုံနဲ့ လွန်းထိုးနေရတယ်။ စိတ်ငြိမ်ဆေးတွေ၊ အိပ်ဆေးတွေကို မိတ်ဆွေဖွဲ့နေရရှာတယ်။

အခုထက်ထိပါပဲ။ ဆေးရုံမှာအိပ်၊ ဆေးရုံမှာစားနဲ့ စည်းကမ်းကြီးတဲ့

mgyoe.com

mgyoe.com

အဆောင်နေကျောင်းသူတစ်ယောက်လိုပဲ။ တစ်နှစ်မှ ဆယ်လေးငါးရက် အိမ်ကို ပြန်လာတယ်။ ဒါလည်း ဆရာဝန်ကြီးက ဆေးရုံကို ငြီးငွေ့ပြီး မဖြစ်သင့်တာ မဖြစ်ရလေအောင်၊ အပြောင်းအလဲလေးလည်း ခံစားရအောင် ခွင့်ပေးတာပါ။ မိုးကုတ်က ဆွေမျိုးတွေကတော့ အလှူဖိတ်စာမျှော်နေကြမှာပေါ့။ အဖေက မဖိတ်နဲ့ဆိုလို့ သူတို့ကို မဖိတ်ကြားတာလို့ ထင်ကြလိမ့်မယ်။

အဲဒီကစပြီး ကျွန်တော်တို့ညီအစ်ကိုလည်း အဖေ့လက်ပေါ်မှာ ကြီးပြင်းရတော့တာပေါ့။

ကျောင်းတွေ ပြန်ဖွင့်လို့ မုတ်သုံမိုးလည်း ဖြိုင်ဖြိုင်ရွာနေပြီ။ ရှစ်တန်းကျောင်းသားကြီးဆိုတော့ အလယ်တန်းကျောင်းမှာ ကျွန်တော်ဟာ ကျောင်းသားကြီးပေါ့။ ကျွန်တော့်ထက်ကြီးတာဆိုလို့ မနှစ်က စာမေးပွဲကျထားတဲ့ တစ်ပတ်ရစ်တွေပဲ ရှိတော့တယ်။

အောင်ဘိုတို့ စောဝေတို့အိမ်မှာ နားထောင်ခဲ့ရတဲ့ အိုဘလာဒီ အိုဘလာဒါ၊ အဝါရောင်ရေငုပ်သင်္ဘော၊ ဟေးဂျူ့ သီချင်းတွေရဲ့ ကောင်းခြင်းတွေကို သူငယ်ချင်းတွေဖြစ်တဲ့ မာလာမြင့်တို့ ရတနာစုတို့ သဇင်နွယ်တို့ ပြောပြမိတယ်။ အဲရစ်ကလက်ပတန်၊ ဂျင်မီဟန်းဒရစ်၊ ရင်ဂိုစတားတို့လို လူတွေအကြောင်းလည်း သူတို့ကို ပြောပြတတ်တယ်။

သူငယ်ချင်းတွေက ကျွန်တော့်ကို အားနာလို့သာ နားထောင်နေရတာ၊ ဘာတွေမှန်းသိကြတာမဟုတ်ဘူး။ လမ်းသရဲ ယဉ်ကျေးမှုလို့ ဝါးလုံးရှည်နဲ့ သိမ်းချင်ကြသေးတယ်။ မဟုတ်ဘူး၊ ဂီတ အနုပညာကို ပြောနေတာ။ ကျွန်တော် အကျောက်အကန်ငြင်းရတာပေါ့။ ပြောရင်းငြင်းရင်းနဲ့ နားလည်မှုက ဝေးသည်ထက်ဝေးလာလိုက်တာ ကွယ်ရာမှာ ဦးခေါင်းကို လက်ညှိုးနဲ့ထောက်ပြီး လက်ခါပြကြတဲ့အဆင့် ဖြစ်လာတယ်။

သူတို့စိတ်ဝင်စားအောင်လို့ အမျိုးသမီး အဆိုတော်တွေဖြစ်တဲ့ စူဇီကွာထရိုတို့ အိုလီဗီးယားနယူတန်ဂျွန်တို့ မိတ်ဆက်ပြန်တော့လည်း သူတို့လက်ထဲက ယိုစုံလောက်မှ စိတ်မဝင်စားကြဘူး။ ကိစ္စမရှိဘူး၊ ကျွန်တော့်လမ်း ကျွန်တော်တစ်ယောက်တည်း ဆက်လျှောက်တာပါပဲ။ အပေါင်းအသင်းကတော့ သူတို့ပဲရှိတာလေ။

* * *

mgyoe.com

mgyee.com


မိုးတွေရွာနေတဲ့ တနင်္ဂနွေတစ်ရက်မှာ အောင်ဘိုတို့အိမ်ကို သီချင်းနားထောင်ရအောင် ထွက်လာခဲ့တယ်။ အိမ်ကထွက်တုန်းက မိုးကတိတ်ပါရဲ့။ ဘတ်စ်ကားပေါ်အတက်နဲ့အဆင်းရယ် ဘတ်စ်မှတ်တိုင်ကနေ အောင်ဘိုတို့အိမ်ကို အပြေးမှာ နည်းနည်းစိုကုန်တယ်။ မှတ်မှတ်ရရ အဲဒီနေ့က ဘတ်စ်ကားခမရှိလို့ ဆေးလိပ်တို့ ကွမ်းယာတို့ရောင်းတဲ့ ဒေါ်ဒေါ်ဒေါင်းဆီက ပိုက်ဆံချေးခဲ့ရတဲ့နေ့။

တံခါးလာဖွင့်ပေးတဲ့ အန်တီမိမိက မိုးတွေရွဲနေတဲ့ ကျွန်တော်တို့ကို သူ့သားအဝတ်အစားနှစ်စုံ ထုတ်ပေးပြီး ရေစိုဝတ်တွေ အလဲခိုင်းပါတယ်။ ကျွန်တော်တို့ကလည်း အားမနာရမယ့်ကိစ္စမှာ အားနာနေလိုက်ကြတာလေ။ အဝတ်တွေမလဲကြဘူး။ ခါတိုင်းလည်း ဒီလိုပါပဲ။ ကိုယ်ငွေ့နဲ့ ခြောက်သွားတာမဟုတ်လား။ ယောကျ်ားသားတွေပဲ၊ ဒီလောက် စိုတာတော့ စာမဖွဲ့လောက်ဘူးပေါ့။

အဲဒီနေ့က အောင်ဘိုအိမ်မှာမရှိဘူး။ ဆွမ်းကျွေးတစ်ခု သူ့အဖေနဲ့ လိုက်သွားတယ်။ ကျွန်တော်တို့လာရင် ပေးဖို့ စာတစ်စောင် ရေးပေးခဲ့သေးတယ်။

ကိုချို့တီနဲ့ ဖွန်မိုး (ဖွန်ပိုး)
တယ်လီဖန်ကင်းဘူးထဲမှာ 'ကရိဒန့်စ်' သီချင်းအသစ်နဲ့ စကော့ချ်ဂျပ် ဘူးထဲမှာ 'ပင်ဖလွိုက်'ရဲ့ 'မည်းမှောင်နေတဲ့ လဘက်အခြမ်း' ဆိုတဲ့ အယ်လ်ဘမ်ရှိတယ်။ နားထောင်နှင့်ကြ။ ငါ ဝါးကြောတစ်ခု ချိတက်သွားတယ်။

မင်းတို့ရဲ့
ဘို

လို့ လက်မှတ်တိုလေး ထိုးလို့။

ဒီဇင်ဘာ နာတာလူးရက်မှာမွေးတဲ့အစ်ကို့ကို အမေကိုယ်တိုင် 'ဒီဆောင်း'လို့ နာမည်မှည့်ခဲ့ပြီး ဇွန်လ မိုးရေထဲမှာ မွေးခဲ့တဲ့ ကျွန်တော့်ကို 'ဇွန်မိုး'လို့ ချစ်စနိုး နာမည်မှည့်ခဲ့တာ။ ညီအစ်ကိုနှစ်ယောက်စလုံး အမေမှည့်ပေးခဲ့တဲ့ နာမည်တွေအတွက် ကြည်နူးမိကြတာကိုသိလို့ 'ဇွန်ပိုး'လို့

mgyee.com

mgyoe.com
နာမည်ပြောင်နဲ့ အောင်ဘိုက နောက်တာပါ။ ဂစ်တာပိုးတွေ ကျွန်တော့် ကိုယ်ခန္ဓာထဲမှာ အများကြီးလို့ သူဆိုချင်တာလေ။

စောဝေကလည်း နာမည်မှည့်တာနဲ့ပတ်သက်ပြီး ပြောဖူးတယ်။ "ဖွန်လ မိုးဦးမှာ မင်းကိုမွေးလိုက်တာ ကံကောင်းတယ်လို့ မှတ်လိုက်ကွ။ မင်း မားသားကြီးက ဖွန်လမှာ မမွေးဘဲ မတ်လမှာ စောမွေးခဲ့ရင် ငါတို့ မင်းကို 'မတ်နွေ' 'မတ်နွေ' လို့ ခေါ်နေရမှာ"

"တကယ်လို့ ဖေဖော်ဝါရီမှာ မွေးခဲ့ရင်ကောကွာ"လို့ အလစ်ကောက် တွယ်လိုက်တော့ ဒီကောင်ကလည်း လည်တယ် –

"အဲဒီလိုဆိုရင်လည်း 'ဖော်နွေ' လို့ ခေါ်မှာပေါ့ကွာ" တဲ့။

ကိုတီချို့က တယ်လီဖန်ကင်ဂျပ်ဘူးကိုရှာပြီး တိပ်ခွေကို စက်မှာတပ် လိုက်တယ်။ ကျွန်တော်က ကိုချို့တီလောက် စက်ကိုင်တာ မကျွမ်းလှဘူး။ ရီကော့ချိန်ဂျာတော့ ကျွန်တော် နည်းနည်းဖွင့်တတ်တယ်။ ကိုချို့တီနားမှာ နောက်ဖွင့်မယ့် စကော့ဂျပ်ဘူးနဲ့ တိပ်ခွေကိုကြည့်နေရင်း သူ့ကိုလက်တို့ပြီး ဒီဘူးလားအပြလိုက်မှာ ဖြုန်းဆို ကိုချို့တီမျက်နှာတစ်ချက် ပျက်သွားလိုက် တာ၊ ကျွန်တော်ပါ ချက်ချင်းခံစားလိုက်ရတယ်။

အား . . . လား . . . လာ

ခါထွက်သွားတာပဲ။

ဓာတ်လိုက်ကြတာလေ။ ကျွန်တော့်ကို ဓာတ်လိုက်နေတုန်း ကိုချို့တီ လက်အရုပ်မြန်ပေလို့။ နို့မို့ရင် အန်တီမိမိတစ်ယောက်တည်း အလောင်း နှစ်လောင်းနဲ့ တော်တော်အလုပ်ရှုပ်ဦးတော့မယ်။ တစ်သက်နဲ့တစ်ကိုယ် ပထမဆုံးအကြိမ် ဓာတ်လိုက်ဖူးတာလေ။ သေမယ့်ကိစ္စမဟုတ်လား၊ လန့် လည်းလန့်စရာဆိုတော့ တော်တော်ကို ကြောက်လန့်သွားမိတာပေါ့။ ဆံပင် တွေကို ထောင်တက်သွားတယ်ထင်တာပဲ။ အန်တီမိစကား နားမထောင် လို့ ဖြစ်ရတာပါ။ သူ အဝတ်လဲခိုင်းတုန်းကလဲလိုက်မိရင် ဒီလိုဖြစ်ကြမှာ မဟုတ်ဘူး။

ခလုတ်တွေ ပိတ်လိုက်ကြပြီး နှစ်ယောက်သား ရင်တွေတုန်လို့ စကား မပြောနိုင်ကြဘူး။ ကျွန်တော့်မျက်နှာ ဘယ်လိုဖြစ်နေတယ်မသိဘူး။ ကိုချို့တီ မျက်နှာတော့ နဂိုက အသားခပ်ဖြူဖြူမှာ သွေးတွေ ဆုတ်သွားပြီး မျက်နှာ
mgyoe.com

m.gyoe.com


လေး ငယ်သွားသလိုပဲ။ ဒီလိုမျက်နှာမျိုး တစ်ခါမှ မတွေ့ဖူးဘူးလေ။

အန်တီမိမိကိုလည်း မပြောရဲကြဘူး။ သီချင်းနားထောင်ချင်စိတ်လည်း မရှိတော့ဘူး။ ခဏနေတော့ အောင်ဘိုပြန်လာတယ်။ သူဖွင့်တော့ ဘာမှ မဖြစ်ဘူး။ အကောင်းပကတိ။ ကရိဒန့်စ်ရော ပင့်ဖလွိုက်ရော ကျွန်တော့်ကို မဖမ်းစားနိုင်ဘူး။ တော်တော်ကို ဖြုံသွားတာလေ။

ကိုချို့တီက ကျွန်တော့်ထက်သာတယ်။ ခေတ်လိုက်တာ သီးခြား သတ်သတ်ပဲ။ ကရိဒန့်စ်ကို သူခံစားနိုင်တယ်။ ပင့်ဖလွိုက်ရဲ့ ကောင်းချက် တွေ အောင်ဘိုနဲ့ ပြောနေလိုက်တာဗျာ။ ကျွန်တော်ဖြင့် အံ့ဩပြီး ငေးနေ ရတယ်။

"ကိုချို့တီ"

"ဟေ"

"ကျွန်တော်တို့ ဘောက်ထော်အိမ်ကို ဘာလို့လာလာနေကြရတာလဲ"

"ငါတို့မှာ တိပ်ရိကော်ဒါတို့ သီချင်းခွေတို့ မရှိလို့ပေါ့ကွ"

"ဒီသီချင်းတွေ နားထောင်ပြီးတော့ရောဗျာ ဘာလုပ်ကြမလဲ"

"ဟ ဂစ်တာတီးမှာပေါ့။ မင်းက ဒီနေ့မှ မေးခွန်းအထူးအဆန်းတွေ ထုတ်လို့ပါလား၊ ဘာလဲ ခေတ်လိုက်တာ ဦးနှောက်ထိသွားပြီထင်တယ်"

ကိုချို့တီက ခင်လို့ စလိုက်နောက်လိုက်တာပါ။ ဒါပေမဲ့ ဦးနှောက် ထိသွားပြီထင်တယ်လို့ ပြောလိုက်ပြီးမှ သူသုံးနှုန်းလိုက်တဲ့စကားအတွက် စိတ်မကောင်းဖြစ်သွားတယ်ထင်ပါရဲ့။ မျက်နှာက တစ်မျိုးပြောင်းသွား တယ်။ အားနာသွားပုံပဲ။

"ကျွန်တော်တို့မှာ ဂစ်တာနဲ့ပတ်သက်ပြီး စနစ်တကျသင်ပေးတဲ့ အကယ်ဒမီကျောင်းကြီးတစ်ကျောင်းလောက်ရှိရင် သိပ်ကောင်းမှာပဲနော်"

ကျွန်တော့်စကားကြားတော့ သူလည်း လမ်းလျှောက်ရင်း ငေးသွား ငိုင်သွားတယ်။ ကောင်းကင်မှာ တိမ်မည်းတွေက အင်အားပြနေလိုက်ကြတာ လောကကြီးတစ်ခုလုံး ဘယ်တော့မှ နေရောင်မမြင်စေရဘူးလို့ ထင်မှတ်ရ အောင်ကို မည်းသည်းနေတယ်။ ဆလွန်းကားတစ်စီး အရှိန်နဲ့မောင်းသွားလို့ လမ်းပေါ်က ရွှံ့ရေတွေ စဉ်ကုန်ကြတယ်။ ခါတိုင်းဆိုရင် ကားမောင်းသွားတဲ့ သူကို ကော်ဆဲမိမလား၊ ကျိန်ဆဲဖြစ်မလား။ ဆဲတာတော့ဆဲဖြစ်မှာ။ ဒီနေ့တော့

m.gyoe.com

mgyoe.com


အတွေးတွေနဲ့ ပြည့်ကျပ်နေလေတော့ –

"ဓာတ်လိုက်တာ နာသလား ကိုချို့တီ"

"ဘယ့်နှယ်ပြောပါလိမ့်ကွာ၊ နာတာထက် လန့်သွားတာက ပိုလိမ့်မယ်ထင်တယ်"

"ကျွန်တော်လည်း အဲဒီလိုပဲ"

"ဒါပေမဲ့ ဟောဒီလက်ခလယ်ကတော့ အခုထိ ထုံနေ၊ ကျဉ်နေ၊ အောင့်နေတုန်းပဲ"

"ကိုချို့တီ ကျွန်တော်တို့ ကံကောင်းလို့ မသေကြတာနော်"

"ဒါပေါ့ကွ"

"ဂစ်တာတီးချင်လွန်းလို့လေ၊ ဓာတ်လိုက်တာ အသက်နဲ့ရင်းရတာ မဟုတ်လား။ ဒီတော့ ဂစ်တာထူးချွန်မှုကိုဖြစ်မယ် ကိုချို့တီ"

"အံ့သြစရာကောင်းလှချေလား ဖွန်မိုးရ၊ ငါလည်း အဲဒါပဲတွေးနေတာ"

"မထူးချွန်ရင် ဓာတ်လိုက်ခံရကျိုး မနပ်ဘူးထင်တယ်"

"တို့အသက်ရှင်နေတာ အဓိပ္ပာယ်မဲ့သွားမှာပေါ့"

မိုးတွေက သဲသဲမဲမဲရွာချနေတယ်။ ရေစိုလို့ ဖွာမရတော့တဲ့ ဆေးလိပ်ကို ကိုချို့တီ အမှိုက်ပုံတစ်ခုမှာ ပစ်ထားခဲ့တယ်။ နှစ်ယောက်စလုံး ကြွက်စုတ်လေးတွေ ရေမွန်းနေကြသလိုပဲ။ မည်းသည်းနေတဲ့ ကောင်းကင်ကြီးကို မထိလေးစားလုပ်နေသလို ဖြစ်နေတော့တာပေါ့။

ကျွန်တော်တို့စိတ်ထဲမှာတော့ ခိုင်မာသည်ထက် ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေကိုယ်စီနဲ့။ ပြီးတော့ ဒီမိုးလောက်တော့ ဘယ်မှုလိမ့်မတုံး။

အဲဒီညက တော်တော်နဲ့ အိပ်မပျော်ဘူး။ အိပ်လို့မပျော်တော့ အတွေးတွေက များများလာလိုက်တာ အမျှင်မပြတ်ဘူး။ မုတ်သုံဝင်ခါစ ကောင်းကင်ကို မော့ကြည့်လိုက်ရင် တွေ့ရတဲ့ တိမ်မျှင်တိမ်လိပ်တွေလိုပဲ။

အမေ နေကောင်းရဲ့လား။ အမေ့ဆီမရောက်တာတောင် အတော်ကြာသွားပြီ။ အခုလို မိုးအေးတဲ့အခါ ဆွယ်တာလေးတစ်ထည်လောက် ဂရုတစိုက်ဝတ်ပေးဖို့လိုတယ်လေ။ အမေ့မှာ ဆွယ်တာတွေရှိပေမယ့် သူဝတ်ချင်စိတ်မရှိရင် သူများပေးရင်ပေးပစ်လိုက်တာပါ။ သူ့သားတွေကို ရှင်မပြုရသေးတော့ အလှူအတန်းသိပ်လုပ်ချင်နေရှာတယ်ထင်ပါရဲ့။ အစ်ကိုဒီဆောင်း

mgyoe.com

mgyoe.com


လူကြုံနဲ့ပို့လိုက်တဲ့ စိန့်မိုက်ကယ်တံဆိပ် ရှောခြုံထည်လေးတစ်ထည် တော်တော်လှတယ်။ စကော့ချ်လူမျိုးတွေရဲ့ ရိုးရာအဆင်လေး၊ အစိမ်းနဲ့ နက်ပြာကွက်လေး။ မမသင်းတို့ မမလှိုင်မေတို့ သိပ်သဘောကျကြတဲ့ ရှောခြုံထည်လေးပါ။ အမေက သူ့လိုပဲ ဆေးရုံမှာ အကြာကြီးလာတက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ပေးပစ်လိုက်တယ်။ မမသင်းတို့ မမလှိုင်မေတို့ဆိုတာ နှမြောလို့ မဆုံးဘူး။

နောက်တစ်ခေါက်သွားတော့ အဲဒီစိန့်မိုက်ကယ်တံဆိပ် ရှောခြုံထည်လေးက အမေ့ဆီ ပြန်ရောက်နေပြီ၊ အမေက မြတ်မြတ်နိုးနိုးခြုံလို့။ သူ့ကိုဟိုမိန်းမက လက်ဆောင်ပေးတာတဲ့။ အဲဒီမိန်းမရဲ့သားက နိုင်ငံခြားဘိလပ်မှာသွားပြီး အလုပ်လုပ်နေရာကနေ လှမ်းပို့လိုက်တာတဲ့။ ကျွန်တော် မရယ်မိအောင် မနည်းအောင့်အည်းနေလိုက်ရတယ်။

* * *

အဖေရော၊ အမေ့ဆီသွားရဲ့လား။ အဖေက အမေ့ဆီရောက်တာလည်း ကျွန်တော့်ကို ပြောချင်မှပြောတာလေ။ ကျွန်တော့်အထင်တော့ အဖေက ကျွန်တော်တို့အပေါ် သူ့မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တွေလောက် သံယောဇဉ်မရှိသလိုပဲ။ ပြီးတော့ ကျွန်တော့်အပေါ် ဩဇာပေးလွန်း၊ လွှမ်းမိုးလွန်းတယ်လို့ ထင်တာပဲ။

အစ်ကိုဒီဆောင်း အိမ်မှာမနေဘဲ နိုင်ငံခြားသင်္ဘောတက်သွားတာ အမေ့ကို ဆေးကုဖို့ ငွေရှာချင်တာရော၊ အဖေနဲ့ အတူမနေချင်တာရောပါမယ်။ အဖေ့ကို ကျွန်တော် မမုန်းပါဘူး။ အဖေ့ဆီက မေတ္တာရချင်တာ။ အဖေ့ဆီက အဖေ့မေတ္တာအပြင် အမေတစ်ယောက်က သားတွေကို ပြုစုစောင့်ရှောက်သလိုမျိုး အမေ့မေတ္တာပါ ရချင်တာလေ။

ရှစ်တန်းကျောင်းသားဘဝမှာ ကြုံခဲ့ရတာလေး သွားသတိရမိတယ်။ ကျွန်တော်တို့ကျောင်းက ယောက်ျားလေးရော မိန်းကလေးတွေပါ အတူရောပြီး တက်ရတဲ့ကျောင်းပါ။ ကျွန်တော်တို့ကျောင်းကပ်လျက်မှာ ယောက်ျားလေးတွေချည်းတက်ကြရတဲ့ အထက်တန်းကျောင်းကြီးတစ်ကျောင်းရှိတယ်။ ဒီကျောင်းကကျောင်းသားတွေက ကျွန်တော်တို့ကျောင်းက ကျောင်းသူတွေ

mgyoe.com

mgyoe.com


ကို စတတ် နောက်တတ် ပြောင်တတ်ကြတယ်။ ဒါက သဘာဝ ဘာမှမဆန်းပေမဲ့ ကြာလာတော့ ရောင့်တက်ပြီး ကျောင်းသားတွေကို နှိမ်ချင်၊ ထိပါးချင်လာတယ်။ ဒီလိုလုပ်လုပ်နေကြတာကို ကျွန်တော်တို့ ဘယ်သူမှ မခံချင်ကြဘူး။ ပြဿနာမဖြစ်ချင်လို့သာ သည်းညည်းခံနေရတာလေ။

ကျောင်းကြီးနဲ့ ကျောင်းလေး၊ အတန်းကြီးနဲ့ အတန်းငယ်တဲ့သူ၊ ကျောင်းသားဦးရေချင်းကလည်း ကွာလိုက်သေးတယ်။

သူတို့စော်ကားကြတာ တစ်နေ့လည်းမဟုတ် နေ့တိုင်းပဲ။ တစ်ခါကနှစ်ခါ၊ နှစ်ခါက သုံးခါဆိုတော့ ကျွန်တော်တို့လည်း သည်းမခံနိုင်ကြတော့ဘူး။ ကျွန်တော့်အပေါင်းအသင်းတွေကလည်း ရတနာစု၊ သဇင်နွယ်၊ မော်မော်မြင့်၊ သီတာဖွေးတို့ သူဇာသိုက်တို့နဲ့ အတွဲများနေတယ်။ ခဏခဏစဖန်များတော့ သည်းခံနိုင်စွမ်းက ကုန်သွားပြီ။ အဲဒီနေ့က ကျွန်တော်တို့ ဗန္ဓုလအသင်းက သန့်ရှင်းရေးတာဝန်ကျလေတော့ တံမြက်စည်းလှည်းရတယ်၊ အမှိုက်တွေလည်း ကောက်ရတယ်။

ဟိုဘက်ကျောင်းက ငနဲတွေ မနက်ကစောစောကတည်းက ကျွန်တော်တို့ကို စနေကြတာ၊ မခံချင်အောင် ဟိုလိုစလိုက် ဒီလိုစလိုက်နဲ့။ ဂျာဒူးဝါးလား၊ အိမ်လိုက်မလား၊ ဟော့ကောင် ဘယ့်နှယ် ညာနှယ်နဲ့ မခံချင်အောင်စနေ ပြောင်နေကြတာ စုံလို့ စနေ ပြောင်နေကြတယ်။ ကောင်မလေးတွေတောင်မှ အတော့်ကို ခံပြင်း ဒေါသဖြစ်လာကြတယ်။

ကျွန်တော်လည်း တွေ့ကရာနဲ့ ကောက်ပစ်လိုက်တာ သိပ်ပြောင်တတ်စတတ်ပြီး မျက်နှာအလွန်ပြောင်တဲ့ ငနဲတစ်ယောက်ရဲ့ခေါင်းကို သွားထိပါရောလား။ အဲဒီကတည်းက သူတို့လည်း ပါးစပ်တွေ ပိတ်သွားကြပြီး မစကြ၊ မနောက်ကြတော့ဘူး။

ချာတိတ်တုန်းက ကျွန်တော် ဘောလုံးကစားခဲ့တယ်။ ကစားတာမှ ရန်ကင်းထဲက ကွင်းတွေရော၊ ဆောက်ထော်ဘက်ကကွင်းတွေပါ မကျန်ဘူး။ မြန်မာအသင်းက အရှေ့တောင်အာရှ သရဖူဆောင်းနေတဲ့ ကာလတွေတုန်းကပေါ့။ ကျွန်တော် ဘောလုံးကစားတာကို အဖေက ဘယ်ကနေ ဘယ်လိုသိသွားတယ် မပြောတတ်ပါဘူး။ ကွင်းနံဘေး ကျကျနနလာကြည့်သွားပြီး အိမ်ရောက်တော့ ပြောတော့တာပါပဲ။

mgyoe.com

ဘောလုံးမှာလည်း အဖေက နှံ့စပ်တယ်။ ဂါရင်ချာက ဘယ်လို၊ ပီလီက ဘယ်ညာ၊ ရီဗယ်လီနို၊ ဘော့စတာအို၊ မာဆိုပွတ်၊ လိဖ်ယာရှင်၊ စတန်လေမက်သူး၊ ဘော်ဘီမိုး၊ ဘက်ကင်ဘောဝါ၊ ပလာ့တီနီ၊ အူစီဘီယိုစတဲ့ ထိပ်သီးဘောလုံးသမားတွေအကြောင်းလည်း သူသိတာပဲ။

"မင်း တောင်ဘက်စည်းရိုးနားမှာ ကန်လိုက်တာ မှတ်မိလား"

ကျွန်တော်က ပွဲကြည့်ပရိသတ်မှမဟုတ်ဘဲ။ တောင်ဘက်စည်းရိုးနား ခဏခဏရောက်၊ ခဏခဏ ဂိုးသွင်းဖို့ ကြိုးစားနေတာပဲ။ ကျွန်တော် ဘယ်သိမလဲ။

"အဲဒီဘောလုံးက အင်းစတက်ပ် ကန်ရမှာ"

အဖေက ကုလားထိုင်မှာ ထိုင်နေရာက ထပြီး နမူနာကန်ပြသေးတယ်။

"ဟောဒီလို ဟောဒီလို"

"ဟောဒီလိုကန်ရင် ဘောလုံးက အပေါ်ကို ထောင်သွားရော၊ မင်းက အဲဒီလိုကန်လိုက်တာ"

ကျွန်တော် နည်းနည်းမှတ်မိသွားပြီ။ အဖေက သူ့စကား ဆက်သေးတယ်။

"ဘောလုံး အပေါ်ကို မထောင်အောင်လို့ အင်းစတက်ပ် ကန်တော့မယ်ဆိုရင် ဘော်ဒီနဲ့ အပေါ်က ဖိထား၊ ကိုယ်ကို ကိုင်းထား"

အဖေက နမူနာလုပ်ပြတယ်။ ကျွန်တော်ကတော့ အံ့အားသင့်ပြီး ကြည့်နေမိတာပေါ့။

"ဘော်ဒီကို လှန်ပြီး ကန်လိုက်လို့ကတော့ ဂိုးဘားပေါ် ကျော်သွားရော၊ အဲဒီလို အင်းစတက်ပ်ကျ လှဒွေးတို့၊ ဘပုတို့၊ ကိုကိုကြီးတို့ ပိုင်တယ်"

အဖေက ကျွန်တော်စိတ်ပါရဲ့လား တစ်ချက်လှမ်းကြည့်တယ်။

"ဒူကလာပရာဟာနဲ့ မြန်မာနဲ့ အောင်ဆန်းကွင်းမှာ ကစားကြတုန်းက . . ."

အဖေက ဘောလုံးပွဲတစ်ပွဲကို အစကနေ အဆုံးတိုင်ကြည့်နေရသလို ရသပါအောင် ပြောတယ်။ ပြောနိုင်စွမ်းလည်း ရှိတယ်။

အဖေက အဲဒီလိုပြောပြီဆိုရင် ကျွန်တော်ကလည်း လူတစ်မျိုး၊ ဘောလုံးဆက်မကန်တော့ဘူး။ တော်ပြီ။

mgyoe.com

mgyoe.com

နောက်တော့ အဖေမသိအောင် ပန်းချီ တိတ်တိတ်လေး ရေးပြန်ရော။ ပန်းချီဆွဲရတာ ပျော်စရာ အကောင်းသား။ ကျွန်တော်ရေးတဲ့ အရုပ်လေးတွေ၊ အရောင်လေးတွေ ချစ်စရာကောင်းတယ်ထင်တာပဲ။ ကျွန်တော်က မလုပ်သေးနေရော့၊ လုပ်ပြီဟေ့ဆိုရင် သပ်သပ်ရပ်ရပ်လေးဖြစ်အောင် ရေးတတ် ဆွဲတတ်တယ်။

ဘယ်ကနေဘယ်လို သိသွားတယ် မသိပါဘူး။ ပန်းချီဆွဲလေ့ကျင့်နေတယ်ဆိုတာ အဖေသိသွားပြန်ရော။

အဲဒီတော့လည်း အဖေက ပြောပြန်ရော။

ပန်းချီဆွဲတယ်ဆိုတာ ပထမဆုံး ခဲနဲ့ စာရေးရတယ်။ မျဉ်းတွေပေါ့။ မျဉ်းဖြောင့်တွေ၊ အလျားလိုက်တွေ အရင်ရေး။ နောက်တော့ ဒေါင်လိုက်တွေရေး။ လက်ဖနောင့်ကြီးတစ်ခုလုံး ဖိချပြီး ရေးရတာ မဟုတ်ဘူး။

အဖေက သူ့အိတ်ထဲက ဘောပင်တစ်ချောင်းထုတ်ပြီး ခဲတံကိုင်ပုံကိုင်နည်း နမူနာပြတယ်။

“ဟောဒီလို ဟောဒီလို”

ဒေါင်လိုက် အလျားလိုက်တွေ၊ ပြီးတော့ တစောင်းတွေပေါ့။ ပြီးမှ မျဉ်းကွေးတွေ . . .။ အခြေခံအရောင် ဝါ၊ နီ၊ ပြာ သုံးမျိုးတော့ မင်းသိမှာပါ။ အလင်းအမှောင်က အရေးကြီးတယ်။ နေစကြဝဠာကြီးထဲမှာ ရှိနေကြတဲ့ ငါတို့လူသားတွေ၊ ပစ္စည်းတစ်ခုကို မြင်ရတယ်။ ဉပမာ ဟိုပန်းအိုး၊ ဟိုဖန်ပုလင်း မြင်တယ်မဟုတ်လား။ အဲဒါ နေရောင်ရဲ့အလင်းက အဲဒီ ပစ္စည်းပေါ်ကို ကျလာရာကနေ

အဖေက ပန်းချီပညာ အခြေခံကနေ ပါစပက်တစ်တွေရော၊ ဆရာဦးဘဇော်၊ ဦးဘဉာဏ်၊ ဦးစံဝင်း၊ ဦးဘကြည်၊ ဗဂျီဦးအောင်စိုး၊ ဦးပေါ်ဦးသက်၊ ဦးနန်းဝေ၊ ဦးခင်မောင်ရင်တို့ အကြောင်းတွေရော စုံလို့ပဲ။

ခံတွင်းချဉ်တယ်ထင်ပါရဲ့။ ဆေးပေ့ါလိပ် နှစ်ဖွာ သုံးဖွာအားရပါးရဖွာပြီး ပေါ်ဂေါ်ဂင်၊ ရေနွား၊ ဆေးဇန်း၊ ဟင်နရီမားတီးစ်၊ မိုဒီလျာနီ၊ ပက်ဘလိုပီကာဆိုတွေ ပြောရင်း အိတ်စ်ပရက်ရှင်း၊ အင်ပရက်ရှင်း၊ ဆာရီရယ်လစ်ဇင်းတွေပါ ပါလာပြန်တယ်။

အဖေက သူချစ်ပုံ၊ ဂရုစိုက်ပုံကို သူပြတတ်တဲ့နည်းတစ်ခုခုနဲ့ ပြတာပဲ

mgyoe.com

mgyoe.com

ဖြစ်ပါလိမ့်မယ်။

ကျွန်တော်ကလည်း ခပ်ပေပေ ခပ်ရွတ်ရွတ်ကောင်။ အဖေ ဒီလိုမှပြော လာရင် အဲဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး။ ကျွန်တော် စာရွက်တွေ၊ ဆေးတွေ သူများပေးပစ်လိုက်တယ်။ ပန်းချီဆက်မရေးတော့ဘူး။

ဘာမှမလုပ်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့။ အမေ့ဆီ လူမမာ သွားမေးလိုက်၊ သူငယ်ချင်းတွေဆီသွားလိုက်၊ ရုပ်ရှင်ကြည့်လိုက်နဲ့ ဒီလို သာ သွားနေတာ။ အဖေ ဘာမှဝင်မစွက်၊ မပြောနိုင်တဲ့ ပညာရပ်တစ်ခုခု တော့ ရှိရမယ်။ ဘာလုပ်ရရင်ကောင်းမလဲ။ သတိရတဲ့အချိန် ဒါပဲတွေးနေ မိတယ်။

နောက်ဆုံးတော့ အစ်ကိုဒီဆောင်းနဲ့ပတ်သက်ပြီး ကိုချို့တီနဲ့ မိတ်ဆွေ ဖြစ်၊ ခင်မင်ပြီး ဂစ်တာတီးဖြစ်တော့တာပါပဲ။ ဂစ်တာကို အဖေသိမှာစိုးလို့ အိမ်မှာ မတီးဘူး။ သူငယ်ချင်းတွေဆီမှာ သွားတီး၊ သီချင်းတွေ သွားနား ထောင်နဲ့ ပိပိရိရိလေး နေလိုက်တယ်။ ဂစ်တာကို တီးရင်း တီးရင်းနဲ့ တော် တော်တီးတတ်ရော ဂစ်တာပိုးက ခန္ဓာကိုယ်ထဲမှာ တော်တော်ရောက်နေပြီ။ စောဝေတို့ တိုနီအောင်တို့အိမ်မှာ တီးရုံနဲ့ အားမရတော့ဘူး။ သူများဂစ်တာ အိမ်ကိုယူလာပြီး တီးမိသွားပြီ။

အဖေက ဂစ်တာတီးများတာကျတော့ ဘာမှမပြောတော့ဘူး။ မပိုင် ဘူးလား။ လူကြီးတွေကို အဲဒီလို မျက်ခြည်ဖြတ်နိုင်မှ အဖေက ဘာမှမပြော လေ ကျွန်တော်က ကြိုးစားလေပဲ။ စစချင်း ရစ်သမ်တီးတယ်။ ကော့ဒ်တွေ တော်တော်တီးနိုင်တော့ လိဒ်လည်း စမ်းတီးလိုက်သေးတယ်။ သီချင်းတွေ နားထောင်ရင်း ရစ်သမ်တီးလိုက်၊ လိဒ်တီးရာကနေ စိတ်က ဘေ့စ် တီးချင် လာပြန်တယ်။

ဘာလို့ ဘေ့စ်ကို တီးချင်သလဲလို့မေးရင် ဖြေဖို့ တော်တော်ခက်တယ်။ ကြိုက်လို့၊ ဘေ့စ်အသံ၊ ဘေ့စ်အလုပ်ကို သဘောကျလို့ပဲ ဖြေရလိမ့်မယ်။

ဘေ့စ်ဂစ်တာကိုတော့ ဇောက်ချတီးဖြစ်တယ်။ သီချင်းခွေတွေ၊ ရေဒီယို ကလာတဲ့သီချင်းတွေ၊ ဓာတ်ပြားတွေဖွင့်ရင် ဘေ့စ်အသံကို ဂရုစိုက်နား ထောင်မိတယ်။ နားထောင်ရင်း၊ လေ့ကျင့်ရင်း၊ နှိုးနှောရင်း၊ နားနဲ့လိုက် မှတ်ရင်းနဲ့ ဘေ့စ်ရူးရူးနေ၊ ဘေ့စ်ချန်ပီယံ ဖြစ်ချင်လာ၊ ဘေ့စ်ဇာတ်ဖြစ်ရ

mgyoe.com

mgyoe.com

မယ်ဆို ပိုင်းဖြတ်ချက်ချမိတယ်။

ကျွန်တော် ဘေ့စ်ကို အခုလိုတီးတတ်ဖို့ ကိုချို့တီ၊ သူငယ်ချင်း အောင်ဘိုတို့ မိသားစု၊ တိုနီအောင်၊ စောဝေတို့ ကျေးဇူးမကင်းဘူး။ ကျေးဇူး မကင်းဘူးဆိုတာ နည်းနေသလိုလို ဖြစ်ပါသေးတယ်။ ကျေးဇူးအများကြီးရှိ တယ်လို့ ပြောရလိမ့်မယ်။

ကိုချို့တီက တာမွေ၊ ရန်ကင်းနဲ့ ဘောက်ထော်ကို လွန်းပြန်ကူးနေ တာ။ ကိုချို့တီကလည်း လူတစ်မျိုး။ ရှစ်တန်းအောင်တော့ ကိုးတန်းဆက် မတက်ဘဲ ဂစ်တာကို ဇောက်ချတီးနေတာ။ သူက လိဒ်အတီးကောင်း။ မိဘတွေက နိုင်ငံခြားသွားကြလေတော့ သူ့ခမျာ ဦးလေးနဲ့ အဒေါ်တွေနဲ့ နေခဲ့ရတာ။ ကျောင်းဆက်တက်ဖို့ ဘယ်လိုပြောလို့မှမရဘူး။ မိဘတွေက လည်း ဒီလပဲ လှမ်းခေါ်တော့မှာလိုလိုနဲ့။

ကိုချို့တီက အမှန်လည်း စာသင်ကျောင်းတစ်ကျောင်းမှာ ဆက် ပညာသင်ဖို့ထက် ဂီတကျောင်းတစ်ကျောင်းတက်ဖို့ကောင်းတဲ့သူ။ နိုင်ငံ တကာ အဆင့်မီတဲ့ကျောင်းမျိုး။ အခုတော့ ကျွန်တော်တို့မှာ တိပ်ခွေတွေ၊ ဓာတ်ပြားတွေ လိုက်နားထောင်နေကြရပြီး နားအကြားနဲ့ လိုက်မှတ်၊ အတုခိုး နေရတာ မဟုတ်လား။ နောက်လိုက်ကလေးတွေပေါ့။

ကိုချို့တီက သူများနောက်လိုက်ဖြစ်မှာ အလွန်စိုးရိမ်တဲ့လူ။ ကိုယ်တိုင် ဖန်တီးနိုင်စွမ်းရှိဖို့ တဖွဖွပြောနေတာလေ။ သူကိုယ်တိုင် သီချင်းလေးတွေ စမ်းရေးပြီး တီးပြတာလေးတွေလည်း ကြားဖူးတယ်။ ကိုချို့တီ ဩဇာက ကြီးတော့ သူရေးတာလေးတွေလည်း ကောင်းတယ်ထင်တာပဲ။

ဂီတအကယ်ဒမီတစ်ခုကိုတက်မိရင် ဒီလူက ကထိကဖြစ်ဖြစ်၊ ပါမောက္ခ ဖြစ်ဖြစ် ထွန်းထွန်းပေါက်ပေါက်ဖြစ်မယ့်လူမျိုး၊ မဟာဝိဇ္ဇာဂီတဆိုတဲ့ ဘွဲ့ယူ ချင်နေတဲ့သူ။

* * *

အဖေက ကျွန်တော့်ကို အရက်သေစာမသောက်ဖို့၊ မူးယစ်ဆေးဝါး မသုံးစွဲဖို့၊ မိန်းမ မလိုက်စားဖို့၊ ဆေးလိပ်မသောက်ဖို့ ဆုံးမတယ်။ ကျွန်တော် သိသလောက်တော့ အဖေကိုယ်တိုင်လည်း ဆေးလိပ်ကလွဲလို့ အားလုံး

mgyoe.com

mgyee.com


ကင်းပါတယ်။

ကျွန်တော်တို့ကျတော့ ဆုံးမပြီးတော့ သူကျတော့ ဆေးလိပ်သောက်တယ်၊ ဇွန်မိုးကို ဒီလိုလုပ်လို့ ဘယ်ရမလဲ ဆိုတဲ့စိတ်နဲ့ ကျွန်တော်လည်း ဆေးလိပ်သောက်တာပေါ့။ ကိုချို့တီသောက်မှတော့ ကျွန်တော်လည်း ဘယ်နေလိမ့်မလဲ။ ဒါပေမဲ့ အဖေ့ရှေ့ကျတော့ ဘယ်သောက်ရဲမလဲ။ ကွယ်ရာမှာ သောက်ရတာ။

အစ်ကိုဒီဆောင်းကလည်း စီးကရက် သောက်တတ်နေပြီ။ ကျွန်တော်က စီးကရက်လည်းကြိုက်တယ်၊ ဒါပေမဲ့ မတတ်နိုင်တော့ ဆေးပေါ့လိပ်ပဲ အသောက်များတယ်။ အဖေကလည်း ငယ်ရာကကြီးလာတာပဲ မဟုတ်လား။ ကျွန်တော်ဘာလုပ်လုပ် သူကသိနေပြီးသား။ ကျွန်တော် ဆေးလိပ်သောက်နေတာကို အဖေသိတယ်။

တစ်ည၊ လပြည့်ခါနီးတစ်ည၊ လမင်းက ထိန်နေအောင် သာနေတယ်။ သားအဖနှစ်ယောက် လှျပ်စစ်မီးပိတ်ပြီး ဧည့်ခန်းထဲကနေ လရောင်ကို ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကြိုက်ခံစားနေကြတယ်။

ကျွန်တော်က နေ့လယ်မှ အမေ့ဆီက ပြန်လာတာ။ အမေ့ကြည့်ရတာ ကျန်းမာရေး အတော်ကောင်းနေပုံပါပဲ။ ကျွန်တော့်ကို အမေမှတ်မိတယ်။ ပြုံးလို့။ အစ်ကိုဒီဆောင်းပို့လိုက်တဲ့ ပိုက်ဆံနဲ့ အမေကြိုက်တတ်တဲ့ စားစရာလေးတွေ၊ လူသုံးပစ္စည်းလေး၊ အမေသောက်နေကျ အားဆေးတွေ သွားပို့ခဲ့တာ။ အမေက ညနေ နေစောင်းတော့ အိမ်ပြန်မယ်လုပ်တော့ မပြန်စေချင်တာနဲ့ ခပ်ကြာကြာလေး နေခဲ့သေးတယ်။ လသာသာမှာ ဒီအကြောင်း ပြန်တွေးရတာ အရသာတစ်မျိုးပေါ့။

"ဇွန်မိုး"

အဖေ့ခေါ်သံကြားတော့ အရသာ ပျက်သွားတယ်လေ။

"မင်း ဆေးလိပ်တွေ တစ်နေ့ ဘယ်နှလိပ်သောက်နေသလဲ"

အဖေ့ပါးစပ်မှာ ရဲခနဲ ဖြစ်သွားတဲ့ ဆေးလိပ်ရှိနေတယ်။

"မများပါဘူးအဖေ၊ တစ်နေ့သုံးလိပ်ပါ"

"အေး သောက်တာတော့ သောက်ပေါ့ကွာ၊ အများကြီး မသောက်နဲ့"

"ဟုတ်ကဲ့ အဖေ" ဆိုတဲ့စကားကို ခပ်မြန်မြန်ပြောလိုက်မိတယ်။ အဖေ့

mgyee.com

ကို တစ်ခါမှ ဒီလိုကျေနပ်တဲ့စိတ် မဝင်မိဘူး။ ဒီလိုကျတော့လည်း အဖေ က ဘယ်ဆိုးလို့လဲ။

ကျွန်တော်တို့ လရောင်ကို ခံစားနေကြရင်း၊ စကားပြောကြရင်းနဲ့ ညသန်းခေါင်ယံကို ရောက်မှန်းမသိ ရောက်နေပါပြီ။ အဖေက ခြေသံလုံလုံ နဲ့ ကျွန်တော့်အနား ထမလာစဖူး ထလာပြီး လေသံတိုးတိုးနဲ့ ပြောတယ်။ လက်ထဲက ဆေးလိပ်မီးကိုလည်း ငြိမ်းလိုက်တယ်။

"ဟေ့ကောင်၊ ငါတို့အိမ်ကို သူခိုးကပ်နေပြီ"

"ဘယ်မှာလဲ အဖေ"

"အိမ်ရှေ့တံခါးမှာ"

ကျွန်တော်တို့ အိမ်တံခါးက ရန်ကုန်မြို့မှာ ထူးဆန်းတဲ့ တံခါးတစ်ချပ်ပါ။ အမှတ်မဲ့ကြည့်ရင်တော့ သော့ပိတ်ထားတဲ့တံခါးပါပဲ။ တကယ် တော့ သော့က အပျက်ကြီးပါ။ ခပ်ကြမ်းကြမ်းဆောင့်ဖွင့်ရင် ပွင့်နေတဲ့ တံခါး။ ကျွန်တော်တို့ မအိပ်ကြသေးတာနဲ့ အတွင်းက ကန့်လန့်မထိုးရ သေးတော့ အခုအချိန်မှာ နည်းနည်းအားစိုက်ပြီး တွန်းဖွင့်ရင်တောင်မှ ပွင့်မယ့် တံခါးလေ။

အဖေ့ဆီမှာ အိမ်သော့တစ်ချောင်း၊ ကျွန်တော့်စီမှာ အိမ်သော့တစ် ချောင်းစီရှိပေမယ့် ပလက်ဖောင်းမှာ လူသူကင်းရှင်းရင် ကျွန်တော်တို့ သော့တံ ထိုးထည့်ပြီး ဖွင့်မနေတော့ဘူး။ ခပ်ဆတ်ဆတ်ကန်ပြီး ဖွင့်နေကျ လေ။ တစ်ခါတလေ ကျွန်တော့်သော့က အခန်းထဲမှာ ကျန်နေရစ်တတ်တော့ လူသူကင်းအောင်စောင့်ပြီး ခတ်ဆတ်ဆတ် တွန်းဖွင့်၊ ကန်ဖွင့်လေ့ရှိတယ်။

သူခိုးကတော့ သော့တုနဲ့ ထိုးထည့်ပြီး ဖွင့်ဖို့ကြိုးစားနေတယ်။ အဖေ က လမ်းလျှောက်ရင် ကိုင်နေကျ တုတ်ကောက်နဲ့ တံခါးနားမှာ စောင့်နေ တယ်။ ကျွန်တော့်ကိုလည်း သူခိုးအိမ်ထဲဝင်လာလို့ ကုလားထိုင်နားရောက် ရင် မီးခလုတ်ဖွင့်ဖို့ မှာထားတယ်။ အဖေသောက်ထားတဲ့ ဆေးလိပ်မီးခိုး တွေ အမြန်ထွက်သွားအောင် ယပ်ထုတ်ပစ်ရသေးတယ်။

နဂိုကတည်းက ပွင့်နေတဲ့တံခါးက မကြာခင်မှာပဲ ပွင့်သွားပါရောလား။ သူခိုးက စမ်းတဝါးဝါးနဲ့ အခန်းထဲဝင်အလာမှာ ကုလားထိုင်နားလည်း ရောက်ရော မီးခလုတ် ဖွင့်ချလိုက်တယ်။ သူခိုးလည်း လန့်သွားပြီး လှည့်ပြေး

mgyoe.com

မယ်အလုပ်မှာ တုတ်တစ်ချောင်းနဲ့ စောင့်နေတဲ့ အဖေ့ကိုတွေ့တော့ သူ့အကြံ
ကို လက်လျှော့လိုက်ရတယ်။

အဖေက ဖောက်ထွင်းပြီး ဝင်လာတဲ့လူကို ဧည့်ခန်းကုလားထိုင်မှာ
ထိုင်ခိုင်းတယ်။ ဒီလူက အသက်သိပ်မကြီးသေးဘူး။ အစ်ကိုဒီဆောင်း
အရွယ်လောက်ပဲ ရှိဦးမယ်။ လူပုံက ခပ်သေးသေး၊ ဆံပင်က ဖရိုဖရဲနဲ့
ပုဆိုးနွမ်းနွမ်း အင်္ကျီနွမ်းနွမ်းလေး ဝတ်ထားတယ်။ ဖိနပ်မပါဘူး။ အဖေက

"မင်းနာမည်က ဘယ်သူလဲကွ"

"မောင်မင်းနိုင်ပါ"

"ဘယ်အရပ်သားလဲ"

" . . . . . . ကပါ"

"ဘာအလုပ်လုပ်သလဲကွ"

ဖောက်ထွင်းဝင်လာတဲ့လူငယ်က တစ်ချက်စဉ်းစားတယ်။

"ကြံ့ရာကျပန်း အစုံလုပ်ပါတယ်"

"အခု ဒီအိမ်ကို မင်း ခိုးရအောင်လာတာ မဟုတ်လား"

အဖေက ခံတွင်းချဉ်တယ်ထင်ပါရဲ့။ သူ့ဆေးလိပ်တိုကို မီးပြန်ညှိတယ်။
ဖောက်ထွင်းဝင်လာတဲ့သူက စဉ်းစားပြီးမှ –

"ဟုတ်ပါတယ်ခင်ဗျ"

"အေး အမှန်အတိုင်းပြောတာကို ကြိုက်တယ်၊ မင်းကြည့်ရတာ အတွေ့
အကြုံရှိပုံမပေါ်ဘူး။ ဒီအိမ်မှာ စာအုပ်တွေရယ်၊ ကက်ဆက်တစ်လုံးရယ်၊
တိပ်ခွေတွေရယ်၊ ဂစ်တာရယ်၊ အဝတ်အစားနည်းနည်း၊ ပန်းကန်ခွက်ယောက်
တွေပဲရှိတာ။ အဖိုးတန်တာကတော့ လူတွေပဲရှိတယ်"

ဖောက်ထွင်းဝင်လာတဲ့သူက ကြောင်တက်တက်နဲ့ ကြည့်နေတယ်။
အဖေ ဆေးလိပ်သောက်တာကြည့်ပြီး သူခိုးကလည်း ခံတွင်းချဉ်တယ်ထင်
ပါရဲ့ တံတွေးမျိုနေရတယ်။ ဖောက်ထွင်းဝင်လာတဲ့လူမပြောနဲ့ ကျွန်တော်
တောင်မှ ခံတွင်းချဉ်တယ်။

"မင်း ဆေးလိပ်သောက်တတ်သလား"

"ဟုတ်ကဲ့ သောက်တတ်ပါတယ်ဆရာ"

"ဟေ့ကောင် ငါ့ကို ဆရာ မခေါ်နဲ့။ မင်းကြောင့် ငါပါ သူခိုးရဲ့ဆရာ

mgyoe.com

ဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

"လုပ်ပြန်ပြီ ဒီဆရာ"

"ဖွန်မိုး ဆေးလိပ်သောက်ဦးမှာလား"

"ဟင့်အင်း"

အဖေက ကျွန်တော့်သောက်လက်စဆေးလိပ်ကို ဖောက်ထွင်းဝင်လာတဲ့ ငတိကို ပေးလိုက်တယ်။ ဒီငတိက ဆေးလိပ်သောက်တာ အေးအေးဆေးဆေးသောက်တာမဟုတ်ဘူး။ ဆေးလိပ်တံဆိပ်ပတ်ကို သေသေချာချာ မျက်မှောင်ကြုတ်ကြည့်လိုက်သေးတယ်။

အဖေက ဖောက်ထွင်းဝင်လာတဲ့ ငတိကို တရားအရှည်ကြီးဟောပါလေရောလား။ လက်ကြောတင်းအောင် လုပ်ကိုင်စားဖို့၊ အညွှန့်ချူးမစားဖို့၊ အရင်းရှင်စနစ်ရဲ့ သားကောင်တွေရော စုံလို့။

ကျွန်တော်ပါရောပြီး ဒီတရား နာရတော့ ကျွန်တော်သာ ဒီလူ့နေရာမှာဆိုရင် စိတ်ညစ်တာနဲ့ပဲ –

"ဆရာကြီးရယ် ကျွန်တော့်ကို အနီးဆုံးရဲစခန်းသာ ပို့ပါတော့" လို့ ပြောမိမှာပဲ။

ငတိကြည့်ရတာ တော်တော်ကို စိတ်ညစ်နေပုံပေါ်တယ်။ လက်ကြားထဲက သောက်လက်စဆေးပေါ့လိပ်က မီးသေနေပြီ။ အတော်ကြာမှ အဖေ့သူခိုးဆုံးမတရားကြီးက ပြီးသွားတော့တယ်။ ဒီတော့မှ ကျွန်တော်ပါ ဒီလူနဲ့ အတူရောပြီး ဟင်းချနိုင်တော့တယ်။ ဟင်းချလို့မှ နှာခေါင်းက လေမကုန်သေးဘူး။

"ဂစ်တာသွားယူချေကွာ ဖွန်မိုး"

ဟ ဘာလဲ၊ အဖေက ဂစ်တာယူခိုင်းပြီး ဘာလုပ်ဦးမလို့လဲ။ မကြည်မလင်နဲ့ စိတ်ထဲက ပြောလိုက်မိတယ်။ အဖေ့စကား မလွန်ဆန်နိုင်လို့သာ သွားယူရတာ။ အခန်းထဲ အသွားရော အပြန်ပါ ဘာလဲဟ၊ ဘာလုပ်တာတုံး ဆိုတဲ့ မေးခွန်းနဲ့ အတွေးချည်းပဲ။

"ဟိုတစ်နေ့က မင်းနဲ့ ချို့တီတို့ တီးနေကြတဲ့ ပေါ့ဂျူသီချင်းတီးစမ်းပါဦးကွာ။ ဒီအချိန် ဘီတဲလ်တွေရဲ့ ပေါ့ဂျူ သီချင်းဖြစ်ဖြစ် ဘလူးစ်လေး

mgyoe.com

m g y o e . c o m


တစ်ပုဒ်ဖြစ်ဖြစ် နားထောင်ရင် ကောင်းမယ်"

ဘယ့်နှယ်လုပ်လိုက်တာတုံး။ ဖောက်ထွင်းဝင်လာတဲ့သူ ရှေ့ထားပြီး ကျွန်တော်က ပေါးဂျူသီချင်းကို ဆိုတီး တီးပြရဦးမှာတဲ့လား။ အဖေက ဘယ်လိုလုပ်ပြီး ပေါးဂျူကို သိနေရတာတဲ့လဲ။ မနေနိုင်လို့ "အဖေက ပေါးဂျူတွေ၊ ဘလူးစ်တွေ ဘယ်လိုသိနေရတာလဲဗျ" ဒီလို မေးမိတာ ကျွန်တော့် အမှားပါပဲ။

"ဂစ်တာ ဆိုတာ ကမ္ဘာမှာ ပေါ်တာကြာနေပါပြီကွာ။ ဂစ်တာဖြစ်လာမယ့် လိုင်ရာ Lyra ဆိုတဲ့ တူရိယာက ဘီစီ ၃၀၀၀ လောက် ကတည်းက အီဂျစ်မှာ အစပြုနေပြီ၊ ဒီလိုင်ရာက နှစ်တွေကြာလာတော့ ပုံစံအမျိုးမျိုး ပြောင်းပြီး စပိန်နိုင်ငံရောက်၊ အဲဒီကနေ ဖွံ့ဖြိုးတိုးတက်လာခဲ့တာ အခု မင်းလက်ထဲကဂစ်တာ ဖြစ်လာတာပဲ"

စိတ်ထဲကတော့ မှားပါပြီလို့ ပြောလိုက်မိတယ်။

"မြန်မာပြည်မှာတော့ ဟိုးလွတ်လပ်ရေးမရခင်က ဦးမော်မော်တို့၊ ဦးကြင်အောင်တို့၊ ဦးသာစိန်၊ ဦးထွန်းရှိန်၊ ဦးစိုးမင်းတို့က မယ်ဒလင်ကို စမ်းပြီး ထုတ်လုပ်ကြတာ။ ဒီပုဂ္ဂိုလ်တွေပဲ ဂစ်တာဆက်လုပ်ကြတာကွ"

သည်းမခံနိုင်တော့တာနဲ့ အဖေ့စကားမဆုံးခင်မှာ ဂစ်တာကို ကြိုးညှိ အသံစမ်းတာတွေ ခပ်မြန်မြန် ခပ်ကြမ်းကြမ်းလုပ်လိုက်တယ်။

အဖေ့ ဩဇာ မလွန်ဆန်နိုင်တာနဲ့ မနည်းကို အာရုံနှစ်ပြီး တီးလိုက်တယ်။ ဖောက်ထွင်းဝင်လာတဲ့ ငတိလည်း မကြည့်မိအောင် သတိထားရတယ်။ ကျွန်တော်ကလည်း စိတ်ပျက်ပျက်၊ သူကလည်း စိတ်ညစ်ညစ်နဲ့ ထိုင်နေတဲ့ပုံစံကို မြင်ရမှာမဟုတ်လား။

သီချင်းဆုံးသွားတော့ လေးငါးနာရီလောက် သီချင်းတွေ တောက်လျှောက်ဆိုတဲ့လူလို ပင်ပန်းသွားတယ်။ အဖေက –

"ဒီညတီးတာ ဟိုလွန်ခဲ့တဲ့နှစ်ပတ်လောက် မင်းနဲ့ ချို့တီ လမ်းထောင့်က ကုက္ကိုပင်အောက်မှာ တီးကြပါရောလား။ ပတ္တရောင် ရဲဖိုးယက်ကား လေးထိုးဆိုက်ပြီး မင်းတို့ကို လက်ဖက်ရည်တောင်တိုက်ပါသေးရော၊ အဲဒီညက တီးပုံဆိုလက် မမိဘူး"

ကျွန်တော် အတော်ကို ဖျားသွားတယ်။ အဖေက ဒါတွေ ဘယ်ကနေ

mgyoe.com

mgyoe.com
ဘယ်လိုသိနေတာလဲ။ အဖေပြောတာတွေ အကုန်ဟုတ်တယ်။

ညတိုင်း ဂစ်တာသံ ဆူလွန်းလို့ သတင်းစာထဲမှာ ရပ်ကွက်စောင့် နတ်တစ်ဦးတို့၊ မိဘနှစ်ပါးတို့ စာကျက်ပျက်သူတစ်ယောက်ဆိုတဲ့ နာမည်တွေနဲ့ အယ်ဒီတာ့ထံပေးစာတို့ စာတိုက်ပုံးတို့က အော်ကြဲချိန်၊ ဆိုင်ရာက အချိန်မတော် ဆူညံကြတဲ့ ဂစ်တာသမားတွေ ပညာပေးနေချိန်ပေါ့။ ကျွန်တော်တို့အနား ပတ္တရောင်ရဲကား နက်ပြာလေး လာတတ်တယ်။ ဖီးယက်ကားဘောနက်ကို ဒေါက်ထောက်ပြီး ကျွန်တော်တို့နှစ်ယောက်၊ တစ်ခါတလေ စောဝေဖြစ်ဖြစ် အောင်ဘိုဖြစ်ဖြစ်ပါရင် သုံးယောက်။ ဂစ်တာကို သူတို့ကျကျနန နားထောင်တယ်။ သူတို့က လက်ဖက်ရည်တိုက် မုန့်ကျွေးတတ်တယ်။ သူတို့နားထောင်ချင်တဲ့ သီချင်းတစ်ပုဒ်တလေ ပွဲတောင်းတတ်တယ်။ များသောအားဖြင့် ကျွန်တော်တို့တီးတာကိုပဲ နားထောင်တာများတယ်။ ကျွန်တော်တို့ကလည်း ခပ်တိုးတိုးပါပဲ။ အတီးကို ဦးစားပေးကြတာ မဟုတ်လား။ သူတို့ပြန်ရင် ကိုချို့တီဖြစ်ဖြစ်၊ အောင်ဘိုဖြစ်ဖြစ် ကားကြုံလိုက်ချင်ရင် လိုက်လို့ရသေးတယ်။ တစ်ခါက ပတ္တရောင် ရဲကားပေါ်က ဂစ်တာဆွဲပြီး ဆင်းလာတဲ့သူတို့တူ ကိုချို့တီကို အဒေါ်က လှမ်းမြင်ပြီး သွေးတွေတက်သွားလို့။

အဖေက မလျှော့သေးဘူး။ တစ်ပုဒ်လောက်တဲ့။ နောက်တစ်ပုဒ်ထပ် အတီးခိုင်းနေတယ်။

ဒီတစ်ခါတော့ ဘော့ဒိုင်လန်ရဲ့ ဘလိုးရင်းအင်းသဝင်း တီးပေးလိုက်တယ်။

သီချင်းလည်းပြီးရော အဖေက သူခိုးကို ပြန်လွှတ်လိုက်တယ်။ သောက်လက်စဆေးပေါ့လိပ် ပေးလိုက်တဲ့အပြင် အဖေစီးထားတဲ့ ဖိနပ်လည်း ဒီငတိစီးရအောင် ပေးလိုက်သေးတယ်။ သူခိုးက သူ့အဖေ ဒါမှမဟုတ် သူ့ညီမှာ စီးစရာဖိနပ်မရှိဘူးလို့ပြောရင် အဖေက ကျွန်တော့် ဖိနပ်ပါပေးလိုက်ဦးမလားမသိဘူး။

ဟိုလူက ရှိခိုးဦးတင်နဲ့ ပြန်သွားတယ်။ အဲဒီညက တော်တော်နဲ့ အိပ်မပျော်ဘူး။ အဖေက ဘာလုပ်တာလဲ။ နှစ်ပယ်ရှင်းလိုက်တာလား။ သူခိုးကိုဆုံးမတာ ကျွန်တော့်အနုပညာနဲ့ ဆုံးမတာလား။ တွေးစရာတွေ အများ
mgyoe.com

mgyoe.com
ကြီး၊ အမေနဲ့တွေ့ခဲ့တဲ့ ကြည်နူးစရာလေးတွေလည်း ဘယ်ရောက်ကုန်ပြီလဲမသိ။

မနက်အိပ်ရာကနိုးတော့ အဖေ အပြင်ထွက်သွားတာကို လှမ်းမြင်လိုက်ရတယ်။ ဖိနပ်မပါဘူး။ ခဏနေတော့ ဖိနပ်အသစ်တစ်ရန် ဝယ်ပြီးစီးချလာတယ်။ တကယ်ဆိုရင် –

"ကျွန်တော့်ဖိနပ် စီးသွားရောပေါ့ အဖေရာ"

"မင်းနိုးတဲ့အခါ စီးစရာမရှိဘဲ ဖြစ်နေမှာစိုးလို့"

အဖေ ကျွန်တော့်ကို ချစ်ပုံက တစ်မျိုး။

နောင်ကျမှ တဖြည်းဖြည်းသိလာရတယ်။ အဖေက ဂီတမှာလည်း အပေါ်ယံမဟုတ်ဘူး။ တော်တော်ကို ထဲထဲဝင်ဝင်သိတယ်။ အထူးသဖြင့် ကမ္ဘာ့ဂီတ၊ ဂန္တဝင်ဂီတတွေ၊ ဘီသိုဗင်၊ ချိုက်ကော့စကီး၊ ရှိုပန်း၊ ဘာ့ခ်တို့ လက်ရာတွေနဲ့ ရင်းနှီးခဲ့ဖူးတယ်။ ဂစ်တာလည်း အထိုက်အလျောက် တီးဖူးခဲ့တာ ကျွန်တော်မသိဘူး။ ကျွန်တော်မရှိတုန်း ဘရဏီတို့၊ ဆရာမကိုပဲ အသည်းစွဲအောင် ချစ်မိသည်တို့ စမ်းတီးပြီး သူ့လက်ပြန်နွှေးကြည့်ဖူးသတဲ့။

အဖေ အဲဒီအကြောင်းပြောတော့ အရွယ်ပြန်နုသွားသလိုလို၊ ကျွန်တော့်မှာ ပျော်ပြီး တအံ့တဩ နားထောင်နေရတယ်။

တကယ်တော့ အဖေက ဂစ်တာနဲ့ပတ်သက်ပြီး တစ်ခုခုပြောမိရင် ဘောလုံးတို့ ပန်းချီတို့တုန်းကလိုပဲ ဒီ့ပြင်ဝါသနာပါစရာတစ်ခုခုကို ပြောင်းသွားမှာ ဒါမှမဟုတ် ဘာမှမလုပ်တော့ဘဲ တေပေလေမှာ စိုးတယ်ထင်ပါရဲ့။

ကျွန်တော်ကလည်း သန္နိဋ္ဌာန်ချပြီးသား။

* * *

ကျွန်တော် ဆယ်တန်းရောက်တော့ ဂစ်တာအတီးလျှော့ပြီး ကျောင်းစာကို ဖိဖိစီးစီးကြိုးစားဖို့ ခဏခဏပြောဆိုဆုံးမတဲ့သူတစ်ယောက်ရှိတယ်။ ဘယ်သူဖြစ်မယ်ထင်သလဲ။ တခြားလူဟုတ်ပါရိုးလား။ ရှစ်တန်းနဲ့ ကျောင်းထွက်နေပြီး ကျွန်တော်နဲ့ တစ်လျှောက်လုံး ဂစ်တာ တွဲတီးနေတဲ့ ကိုချို့တီပဲပေါ့။

ကျွန်တော်လည်း ဆယ်တန်း တစ်နှစ်တည်းနဲ့အောင်ချင်တယ်။
mgyoe.com

mgyoe.com
ကျူရှင်လည်း နှစ်ခုတက်တယ်။ အင်္ဂလိပ်စာနဲ့ သင်္ချာ။ တစ်ဖက်ကလည်း အောင်ဘိုတို့ တိုနီအောင်တို့ စောဝေတို့ အိမ်တွေမှာ ကက်ဆက်ကောင်းကောင်း၊ အင်ပလီဖိုင်ယာကောင်းကောင်းနဲ့ ကက်ဆက်ခွေအသစ်တွေ နားထောင်တယ်။ သူတို့လိုပဲ တခြားသူငယ်ချင်းတွေကလည်း ကိုချို့တီနဲ့ ကျွန်တော့်ဆိုရင် အိမ်တံခါး အမြဲဖွင့်ထားကြတယ်။ ကိုခင်ဝမ်း၊ ကိုခင်မောင်တိုး၊ ကိုခိုင်ထူး သီချင်းတွေက အများစုပေါ့။ ဂီတလောက ဝါသနာတူတွေ ရင်းနှီးကြပြီဆိုရင် ဘောလုံးတစ်သင်းတည်းက ကစားဖက်သူငယ်ချင်းတွေ ရင်းနှီးချစ်ခင်ကြတာထက် ပိုမယ်ထင်တယ်။ နားလည်မှု သိပ်ရှိကြတာ။

အစ်ကိုဒီဆောင်း သင်္ဘောပေါ်က ပြန်ရောက်နေတော့ အမေ့ဆီ၊ သူ့သူငယ်ချင်းတွေဆီ လျှောက်သွားနေတယ်။ ကျွန်တော်မှာလိုက်တဲ့ သီချင်းအယ်လ်ဘမ်တွေ၊ တိပ်ခွေသစ်တွေလည်း ပါလာတော့ ကျူရှင် ကျူရှင်နဲ့ ဂစ်တာကျူရှင်ပဲ သွားနေမိတာပေါ့။

တစ်ညနေတော့ –

"ဟေ့ကောင် မင်း ကျူရှင်မှန်မှန်မတက်ဘူးဆို"

ကျွန်တော်ကလည်း မညာချင်ဘူး။ ကျွန်တော်သွားတတ်တဲ့ နေရာတွေ သူလည်းသိနေတာ၊ ကိုချို့တီပြောတာ ဒါမှမဟုတ် သူကိုယ်တိုင်တွေ့လိုက်မြင်လိုက်တာလည်း ဖြစ်နိုင်တယ်။ အစ်တာလည်းဖြစ်နိုင်တယ်။

"ကျူရှင်တော့ တက်လိုက် ပျက်လိုက်ပဲ"

အစ်ကိုက ကျွန်တော့်အထာကို သိတော့ အညာကိုင်လှုပ်တော့တာပေါ့။

"မင်းပဲ အမေ့ကိုချစ်တယ်ဆို၊ သနားတယ်ဆို"

"ဘယ့်နှယ်ပြောလိုက်ပါလိမ့် အစ်ကိုဒီဆောင်းရာ"

"မင်း ဆယ်တန်းအောင်မှ အမေ့ကို ဒီ့ထက်ပိုပြီး ပြုစုစောင့်ရှောက်နိုင်မှာ၊ ဘွဲ့တစ်ခုခုနဲ့ အလုပ်လေးတစ်ခုခုရှိသင့်တယ် မဟုတ်လား"

ကျွန်တော်က အစ်ကိုဒီဆောင်း စေတနာကို လေးစားနားလည်မိပါတယ်။ အနားမှာ သီချင်းစာအုပ်တွေ လျှောက်လှေ့လာဖတ်ရှုနေတဲ့ ကိုချို့တီက –

"မင်း ဂစ်တာ တစ်နေ့ ခြောက်နာရီ တီးတုန်းလား"

ကျွန်တော် ရယ်ဖြဲဖြဲနဲ့ ခေါင်းညိတ်ပြရတယ်။
mgyoe.com

mgyoe.com

"အမှန်က ကျောင်းစာကို တစ်နေ့ ခြောက်နာရီကျက်ပြီး ဂစ်တာကို အခု မင်းစာကျက်သလောက်ပဲတီးရမှာ၊ မင်းက ပြောင်းပြန်ဖြစ်နေပြီ"

အစ်ကိုနှစ်ယောက်စလုံးက စေတနာနဲ့ ပြောဆိုဆုံးမကြတာပါပဲ။ ကျွန်တော်ကလည်း ပြာပုံတိုးဖို့ ကြိုးစားနေတဲ့ ဟိုအကောင်လို ဖြစ်နေပြီ။ အမြီးကောက်နေတဲ့ ဟိုအကောင်လေ။

တစ်နေ့ကျတော့ တိုနီအောင်ရဲ့ အဆက်အသွယ်နဲ့ မြန်မာပြည်မှာ နံပါတ်တစ်ဖြစ်နေတဲ့ 'ပလက်တီနမ်' တီးဝိုင်းနဲ့ အသံသွင်းလုပ်ငန်းမှာ ထိပ်တန်းရောက်နေတဲ့ 'စမ်းရေစီးသံ' ဆိုတဲ့ စတူဒီယိုမှာ သီချင်းခွေတစ်ခွေ အသံသွင်းဖို့ ဖန်လာတယ်။ အဆိုတော်က လူငယ်ထုရဲ့ အသည်းစွဲဆိုင်တိုင်းမှာ သူ့အခွေတွေက မရှိမဖြစ်လေ။ 'အံ့ဘွယ်အောင်' တဲ့။

'ပလက်တီနမ်' တီးဝိုင်းက ဘေ့စ်ဂီတာသမား အကြောင်းမညီညွတ်လို့ ကျွန်တော့်ကို ကမ်းလှမ်းကြတာပါ။ သူတို့တီးဝိုင်းနဲ့ ကျွန်တော်နဲ့ စမ်းသပ်တီးကြည့်တော့ အခက်အခဲ ပြဿနာမရှိပါဘူး။ စာမဖွဲ့လောက်တာလေးတွေဘဲ ကြုံရတယ်။ အိုကေတယ်ဆိုပါစို့။ ဒါနဲ့ တကယ်အသံသွင်းမယ့်ရက်၊ ကျွန်တော်အားတဲ့ရက်ကို ရက်ချိန်းယူကြတယ်။ ကျွန်တော်ကလည်း ဂစ်တာတီးရမယ်ဆိုရင် အမြဲအားနေတဲ့သူပါ။

တိုနီအောင် မိတ်ဆက်ပေးလို့ 'ပလက်တီနမ်' ဝိုင်းရဲ့ ဘေ့စ်၊ စမ်းရေစီးသံ စတူဒီယိုပိုင်ရှင် ဦးကျော်စွာမြင့်နဲ့ မိတ်ဆွေဖြစ်ရတယ်။ ဒီလူက ပြောပုံ၊ ဆိုပုံ၊ ဝတ်ပုံ၊ စားပုံက လူကြီးပီသသူတစ်ယောက်ပါပဲ။ ကျွန်တော့်ကို ဂစ်တာရူးလေးတစ်ယောက်လို မဆက်ဆံဘူး။

နောက်မှသိရတာ တိုနီအောင်ပြောပြနေလို့ သူ ကျွန်တော့်နာမည် ရင်းနှီးနေပေမဲ့ 'ပလက်တီနမ်' ဝိုင်းမှာ တွဲတီးဖို့ မဆုံးဖြတ်သေးဘူး။ ဆရာကိုဖြူစင်၊ ဆရာ ပက်ထရစ်တို့နဲ့ စကားစပ်မိတော့မှ ဟိုဆရာနှစ်ယောက်စလုံးရဲ့ မှတ်ချက်နဲ့ ကျွန်တော့်ကို မိတ်ဆွေလာဖွဲ့တာ။

"ဘေ့စ်ဂစ်တာမှာ ဇာလျှန်းတို့ ကိုရဲလွင်တို့နဲ့ တစ်ကြမ်းတည်း၊ တစ်စားပွဲတည်း တည်ခင်းဧည့်ခံနေရာပေးမယ့်သူဟာ ဇွန်မိုးပဲ" တဲ့။

တိုနီအောင်ဆီက ပြန်ကြားရတာ။ ကိုယ့်နားကိုတောင် မယုံဘူး။ ဘဝင်မြင့်မယ်ဆိုရင် မြင့်စရာကြီး။ ကျွန်တော်ကလည်း အခုလို ကြားရ

mgyoe.com
တာ ကျေနပ်ပါတယ်။ ပီတိဖြစ်မိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီလောက်နဲ့ မတင်းတိမ် မရောင့်ရဲနိုင်ဘူး။

စာမေးပွဲက မတ်လမှ၊ ကျွန်တော်တို့တီးရတာ ဇန်နဝါရီလရဲ့ အလယ်။ ညပိုင်း အသံသွင်းတာများတယ်။ နေ့ဂျူတီတွေက ဒို့ပြင်ဝိုင်းတစ်ဝိုင်း လာအသံသွင်းနေတယ်။

အစ်ကိုဒီဆောင်းနဲ့ ကိုချို့တီတို့မသိအောင် ဒိုင်လျှိုလေး သွားတီးပေးလိုက်တယ်။ အစစ အဆင်ပြေပါတယ်။ 'ပလက်တီနမ်'က နာမည်ကြီးလိဒ်ဂီတာသမား ကိုသစ်လွင်လွင်၊ ရစ်သမ်တီးတဲ့ ကိုစူးနစ်၊ ဒရမ်ကိုဏီတွတ်ကျော်တို့နဲ့လည်း မိတ်ဆွေဖြစ်ပြီး ခင်မင်ရင်းနှီးလာခဲ့တယ်။

ကျွန်တော့်အတွက် ပညာရှင်ခဆိုပြီး ပိုက်ဆံတော်တော်များများ ပေးလိုက်တယ်။ တစ်ခါမှ ဒီလိုငွေမျိုး ကိုင်ဖူးတာမဟုတ်ဘူးလေ။ ရှပ်အင်္ကျီတစ်ထည်၊ ကက်ဆက်တစ်ခွေ ဝယ်လိုက်တယ်။ ကျန်တာ အမေ့ကို ကန်တော့မယ်လို့။ အမေသုံးချင်ရာသုံးပါစေ။ ဒီငွေတွေ သူများကိုပေးရင် ပေးပစ်မှာ။ အမေ့သဘော၊ အမေစိတ်ချမ်းသာဖို့ အရေးကြီးတယ်လေ။

ညီအစ်ကိုနှစ်ယောက် အမေ့ဆီသွားကြဖို့ ပြင်ကြရင်း –

"ဒီအပတ် အစ်ကိုဒီဆောင်း ပိုက်ဆံမထုတ်နဲ့၊ ကျွန်တော့်မှာ ရှိတယ်။ အမေ့ဖို့ အစ်ကို ဘာဝယ်သွားချင်လဲ"

သူ့မှာ အံ့အားသင့်တဲ့မျက်နှာနဲ့ –

"ညီလေး မင်း ဘယ်ကရလာတာလဲ၊ ဘယ်ရည်းစားကပေးလိုက်ပြန်ပြီလဲ" ကျွန်တော့်ကို လှမ်းအစ်လိုက်တာ။

"ဒွတ် . . . ဘယ်ရည်းစားမှ မရှိပါဘူး။ တစ်နေ့က 'စမ်းရေစီးသံ' စတူဒီယိုမှာ အခွေတစ်ခု ဘေ့စ်သွားတီးပေးလို့ရလာတာ"

ငွေတွေကြည့်ပြီး သူမယုံသလိုဘဲ။

"ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ် အစ်ကိုရ"

"ရလှချေလားကွ၊ မင်းဥစ္စာက ငါတောင် သဘော်ပြန်မတက်ဘဲ ဂစ်တာတီးရမလို ဖြစ်နေပြီ"

တကယ်တော့ အစ်ကိုဒီဆောင်းက ချစ်လို့ ကျွန်တော့်ကို ဗန်းတင်
mgyoe.com

mgyoe.com


စန်းတင် ချီးကျူးလိုက်တာ ကျွန်တော်သိတာပေါ့။

"နောက် လိုအပ်လို့ ခေါ်တီးရင် ဖင်ပေါ့အောင်လို့ ချူဆီထည့်တာနေမှာပါ အစ်ကိုဒီဆောင်းရာ"

"ဟော့ကောင် စာလည်းကျက်ဦးနော်၊ စာမေးပွဲနီးလာပြီ"

"ကျက်မှာပါဗျ"

အမေ့ကို ကိုယ်တတ်တဲ့ပညာနဲ့ ရှာလို့ရတဲ့ငွေနဲ့ ကန်တော့ရတာ တယ်လည်း ပီတိဖြစ်ရပါလား။ အမေ ဝမ်းသာရအောင်လို့ အကျိုးအကြောင်း၊ အသံသွင်းအတွေ့အကြုံ၊ ဦးကျော်စွာမြင့် အကြောင်းစုံနေအောင် ပြောပြတယ်။

အမေက သိပ်နေမကောင်းဘူးထင်ပါရဲ့။ သူ့သားတွေကို မမှတ်မိသလိုလို၊ သူစိမ်းတစ်ရံ ဧည့်သည်တွေလိုလို စကားကို ဟက်ဟက်ပက်ပက် မပြောဘူး။ ကျွန်တော်တို့ညီအစ်ကိုရုပ်တွေက မိုးကုတ်ဘက်က အမေ့အမျိုးတွေရဲ့ ရုပ်ရည်တွေ မဟုတ်လား။ ကျွန်တော်တို့မြင်ရင် မိုးကုတ်က အမျိုးတွေ သွားသတိရလေသလားမသိဘူး။ ဘယ်လောက်တောင်တူသလဲဆိုရင် လူပျိုဖားဖားဖြစ်နေတဲ့ ကျွန်တော်တို့နှစ်ယောက် အခု မိုးကုတ်တက်သွားရင် အဘိုးတို့ အဘွားတို့ မိတ်ဆွေတွေက –

"ဟဲ့ နင်တို့ ဦးသာစိန်–ဒေါ်သူဇာ မြေးတွေမဟုတ်လား၊ ဘယ်သူက မွေးတာတုံးလို့" မေးလိမ့်မယ်တဲ့။

* * *

တစ်ဖက်ခန်းက အစ်မတစ်ဝမ်းကွဲတွေနဲ့ အစ်ကိုဒီဆောင်းတို့ ပြောကြလွန်းလို့ စာကို ဖွတ်မိုတ်ကျက်နေတုန်း ကိုချို့တီ ပေါက်ချလာတယ်။ မမသင်းတို့ မမလှိုင်မေတို့က ကျွန်တော် စာမကျက်မှာဆိုးလို့ ကိုချို့တီကို အကြောင်းမရှိဘဲ အိမ်ကို မလာရဘူးလို့ ပြောထားကြတယ်လေ။ ကိုချို့တီကလည်း မလာပါဘူး။

ဒီနေ့တော့ လက်ထဲမှာ ကက်ဆက်တစ်ခွေနဲ့ သီချင်းစာအုပ်တစ်အုပ် ကိုင်ပြီး –

"ဟော့ကောင် ဒီ 'လွတ်လပ်တဲ့ စိတ်ဦးနှောက်' စီးရီးမှာ မင်းဘော့စ်တီး

mgyoe.com

mgyoe.com

တာဆို"

"ဟုတ်တယ် ကိုချို့တီ၊ ဒီအခွေ ဖြန့်ပြီလား"

ကျွန်တော် သူ့လက်ထဲက အခွေကို ယူကြည့်လိုက်တယ်။ အစ်ကို ဒီဆောင်းကတော့ သီချင်းစာအုပ် လှမ်းယူလိုက်တယ်။ ကက်ဆက်ကာ ဗာက အပျံစားပဲ။

"ကက်ဆက်ကာဗာမှာရော သီချင်းစာအုပ်မှာပါ ဘော့စ်ဂစ်တာတီးတာ သူတို့ အရင်လူရဲ့နာမည်ကြီးပါလား"

"ကျွန်တော့်နာမည်မဟုတ်လည်း ဘာအရေးလဲ ကိုချို့တီကလည်း နာမည်ပါချင်လို့ ဂစ်တာတီးနေတာမှ မဟုတ်တာ"

အစ်ကိုဒီဆောင်းနဲ့ ကျွန်တော် သီချင်းစာအုပ်နဲ့ သီချင်းခွေလဲလိုက်ကြတယ်။ ကျွန်တော်ပြန်ပြောတာကြားပြီး ကိုချို့တီ ဝမ်းသာသွားပုံပေါ်တယ်။

"တကယ်ပြောတာလား ဟေ့ကောင်"

"တကယ်ပေါ့ဗျာ ကိုချို့တီကလည်း နာမည်က အရေးမကြီးပါဘူး"

"အေး မင့်စိတ်ဓာတ်တော့ ကြိုက်သွားပြီကွ၊ ငါသာ မင်းနေရာမှာ ဆိုရင် ဆိုပြီး စဉ်းစားကြည့်မိတယ်။ ငါလည်း မင်းလိုပဲ နာမည်မပါတာ ဘာအရေးလဲကွ"

ကျွန်တော်က သီချင်းစာအုပ်ကို လှန်လှောကြည့်၊ စာအုပ်အဖုံးကို သေသေချာချာကြည့်နေရင်း –

"ကိုချို့တီ ဒီအခွေ နားထောင်ပြီးပြီလား၊ ဘော့စ် ဘယ်လိုနေလဲ"

သူစဉ်းစားပြီးမှ ဖြေတယ်။

"ကောင်းသားပဲကွ"

ကိုချို့တီရဲ့ ကောင်းသားပဲကွ ကျွန်တော့်အတွက်တော့ အဖိုးထိုက်တန်တဲ့ ဆုတံဆိပ်တစ်ခု၊ ဂုဏ်ထူးနဲ့အောင်တဲ့ အောင်လက်မှတ်တစ်ခုပါပဲ။ ဒီလိုကြားရတော့ ပျော်တာပေါ့။ ဂစ်တာ အနားမှာမရှိလို့၊ ရှိရင် ကောက်တီးမိမှာ။

"စာကျက်ဦးနော် ကောင်လေး၊ စာမေးပွဲက ဘယ်နှရက်လိုတော့တာလဲ"

"ဆယ့်ငါးရက်"

"စာတွေ အတော်ပိုင်နေပြီလား"

mgyoe.com

mgyoe.com


ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"ဂုဏ်ထူးကော ဘယ်နှခုမှန်းထားသလဲ"

ကိုချို့တီက ချစ်စနိုး လှမ်းစလိုက်တာပါ။ အူမြူးနေတဲ့ ကျွန်တော်က ပြန်ပြီး နောက်လိုက်တယ်။ ဘယ်လက် ငါးချောင်းနဲ့ ညာလက်မကို ထောင်ရင်း –

"ခြောက်ခုတည်း"

* * *

ဘော့စ်ဂစ်တာ တီးလို့ရတဲ့ပိုက်ဆံနဲ့ ဈေးသစ်ထဲက လေဘေးထည် ဆိုင်တစ်ဆိုင်မှာ ရှပ်အင်္ကျီလက်ရှည်လေးတစ်ထည် ဝယ်လိုက်တယ်။ အဲဒီ ဆိုင်နားမှာ ဖြတ်သွားတိုင်း ငေးငေးနေရတဲ့ အင်္ကျီလေး။ မျက်စိကျနေတာ ကြာပြီ။ အင်္ကျီရောင်းတဲ့လူက တစ်နေ့တစ်နေရာ ရွှေ့ရွှေ့ချိတ်နေတော့ ရောင်းများပစ်လိုက်ပြီလား ကြည့်ရတာအမော။

အိတ်ထောင်နှစ်လုံး အိတ်အဖုံးနဲ့ ကာကီရောင်အင်္ကျီ၊ ချည်သားများ များနဲ့ နွေ၊ မိုး၊ ဆောင်း ဝတ်လို့ကောင်းမယ့် ဒီဇိုင်းလေး။ မြင်မြင်သမျှ စာအုပ်ဆိုင်တွေမှာလည်း ဆယ်တန်းအထူးထုတ်စာအုပ်တွေက ကျောင်းသူ ကျောင်းသားတွေကို မျက်စပစ် လက်ယပ်ခေါ်နေကြတယ်။

"ဟိုးအပေါ်ဆုံးတန်း ညာဘက်အစွန်းက ကာကီရောင်အင်္ကျီလေး" လက်ညှိုးညွှန်ရင်း ဆိုင်ကချာတိတ်လေးကို ပြောလိုက်တယ်။

"ရမယ် အစ်ကို"

ချာတိတ်က အင်္ကျီချိတ်တွေ လှမ်းဖြုတ်တဲ့ တံချူကိုယူပြီး လှမ်းချူ ဖြုတ်လိုက်တယ်။

"ဘယ်လောက်လဲကွ"

"သုံးရာပါအစ်ကို"

ကျွန်တော်က ဝယ်ချင်လှပြီ၊ အူယားနေပြီ။ ဒါပေမဲ့ ဒါမျိုးဆိုတာ ဆစ်ရတယ်လို့ ကြားဖူးနားဝ ရှိလေတော့ –

"များပါတယ်ကွာ နှစ်ရာထား၊ ပိုက်ဆံမပါဘူး"

"နှစ်ရာ့ငါးဆယ် ဂိတ်ဆုံးပဲအစ်ကို"

mgyoe.com

mgyoe.com


"အစ်ကိုဒီဆောင်းနဲ့ ကိုချို့တီ"

"ဟေ"

အစ်ကိုဒီဆောင်းတစ်ယောက်ဆီကပဲ ဖြေသံကြားရတယ်။ ကိုချို့တီကတော့ အားလုံးက ဝိုင်းဆူနေကြတဲ့ ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်နေတာလား၊ စကားကို မပြောချင်တာလား မသိ။

"ကျွန်တော် နောင်နှစ်ကျတော့ ဆယ်တန်း အောင်ကိုအောင်ရပါစေမယ်ဗျာ။ အစ်ကိုတို့ အစ်မတို့ရှေ့မှာ ကတိပေးပါတယ်"

သူတို့ကြည့်ရတာ သိပ်တော့ ယုံကြည်ပုံမပေါ်ဘူး။ အောက်သိုးသိုးမျက်နှာတွေမှာ ဒါမျိုးတွေ ရိုးနေပါပြီကွာ၊ ဒါမျိုး စောဖေတို့က နောကျေနေပြီဟေ့ ဆိုတဲ့ပုံနဲ့။

ကိုချို့တီကပဲ "ညီလေး၊ မင်းယောကျ်ားနော်"

"ယောကျ်ားပါဗျ"

"အေး ယောကျ်ားပီပါစေ"

ကျွန်တော်ကလည်း ဒီနှစ်တော့ စာမေးပွဲ မဖြေလိုက်ရတဲ့အကြောင်း၊ နောင်နှစ်စာမေးပွဲ အောင်ကိုအောင်ရစေ့မယ်လို့ အမေ့ဆီလည်း သွားကတိပေးလိုက်သေးတယ်။ အဲဒီလို သွားကတိပေးတာကိုပဲ သူဘာသာသူနေရှာတဲ့ လူကြီးသွားပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် ဒုက္ခသွားပေးတယ်လို့ အပြောခံရသေးတယ်။

ကျွန်တော်ကလည်း ကိုယ့်စိတ်ပိုင်းဖြတ်ချက်နဲ့ကိုယ်။ သူများပေးမိတဲ့ကတိထက် အမေ့ပေးတဲ့ကတိက အလေးနက်ဆုံး၊ ကတိမပျက်အောင် ကြိုးစားရမယ်။

ကျောင်းတွေ ပြန်ဖွင့်စမှာ စာကြိုးစားပြီ၊ မရတော့ဘူး အရင်နှစ်က ဇွန်မိုး မဟုတ်တော့ဘူး။

ဒါပေမဲ့ စက်တင်ဘာလောက်လည်းရောက်ရော စာတွေက သိသလိုလို၊ တတ်ပြီးသားလိုလို၊ မှတ်စုတွေ ရှိနေသလို ဂစ်တာကလည်း တီးလို့ကောင်းနဲ့ အရင်ဒီဇိုင်း ပြန်ရောက်တာပါပဲ။

ဒီကြားထဲ ကိုချို့တီကို သူ့မိဘတွေက အမေရိကန် လိုက်လာဖို့ စီစဉ်ပေးလိုက်တော့ ကိုချို့တီ သူ့ခရီးအတွက် ပြင်ဆင်ရာမှာ လတ်လျား လတ်

mgyoe.com

m g

လျားနဲ့ ပါနေရပြန်ရော။ အစ်ကိုဆိုလည်းဟုတ်၊ သူငယ်ချင်းဆိုလည်းမှန် တဲ့ ဆရာတစ်ပိုင်းဖြစ်တဲ့ ကိုချို့တီနဲ့ ခွဲရတော့မှာ။ ဒီတစ်သက် ပြန်တွေ့ ချင်မှ တွေ့ရတော့မှာ၊ ကျွန်တော် တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်။

စောဝေက ကိုချို့တီ နိုင်ငံခြားမသွားခင် အမှတ်တရအနေနဲ့ မြန်မာ့ အသံမှာ အင်္ဂလိပ်ပိုင်းအစီအစဉ် လိုကယ်တဲလင့်ရှိုး ဝင်တီးကြဖို့ အကြံ ပြုလာတယ်။ စောဝေရဲ့ အကြံက သိပ်ကောင်းတဲ့ အကြံပေါ့။ ဒီအကြံက ကျွန်တော့်ဆီမှာ ပေါ်ရမယ့်အကြံ။ ကိုချို့တီနဲ့ ခွဲကြရတော့မှာမို့ ဝမ်းနည်း စိတ်လွှမ်းပြီး ဒါမျိုး မတွေးအားတာဘဲ ဖြစ်မယ်။

ကျွန်တော်တို့အားလုံးပဲ မြန်မာ့အသံမှာတီးကြဖို့ သဘောတူကြတယ်။ အားလုံးက ဖိုးတီးချင်၊ မောင်တီးချင်တွေ မဟုတ်လား။ ကျွန်တော်က အကြံ တစ်ခု အဆိုပြုလိုက်တယ်။ အဲဒီအစီအစဉ်မှာ တီးသင့်တဲ့သီချင်းတွေကို ကိုချို့တီကပဲ ရွေးချယ်ပါစေ။ သူ့ကို ဂုဏ်ပြုတဲ့ပွဲ။ သူ့ကို နှုတ်ဆက်တဲ့ပွဲ။ သူ ဒီလိုသီချင်း၊ ဒီလိုအသွားမျိုး ကြိုက်တတ်တာကို ကျန်ရစ်ခဲ့တဲ့ကျွန်တော် တို့ အမှတ်ရနေစေဖို့ တီးဝိုင်းနာမည်လည်း ကိုချို့တီပဲ မှည့်ပါစေ။

ကျွန်တော့်အဆိုကို ကန့်ကွက်မယ့်သူမရှိပါဘူး။ ကိုချို့တီကပဲ နည်း နည်းအားတုံ့အားနာ ဖြစ်နေတာ။ ကျွန်တော်တို့ပါ သီချင်းတွေရွေးဖို့ သူက ပြောနေတယ်။ အားလုံးက ဝိုင်းပြီး တိုက်တွန်းကြတော့မှ သူ လက်ခံသွား တယ်။ တီးဝိုင်းနာမည်ကို အရင်ရွေးပြီး မြန်မာ့အသံမှာ ကြိုပြီး ညှိနှိုင်း ရက်ချိန်းယူရတယ်။

ကိုချို့တီက တီးဝိုင်းကို 'ဆူးနဲ့နှင်းဆီ'လို့ နာမည်ပေးတယ်။ သီချင်း တွေလည်း ဘီတဲလ်စ်၊ ဆန်တားနား၊ ပင့်ဖလွိုက်နဲ့ ကရိဒန့်စ်တို့ရဲ့ သီချင်း တွေကို သူရွေးတယ်။ ကျွန်တော်တို့အကြိုက်နဲ့ သိပ်မဝေးလှပါဘူး။

အဖွဲ့လိုက်လေ့ကျင့်ကြတာတော့ ကျွန်တော်တို့ရဲ့ ဘူမိနက်သန်လို့ ခေါ်လို့ရတဲ့ ကိုချို့တီနဲ့ ကျွန်တော်နဲ့ ဓာတ်လိုက်ခဲ့တဲ့ အောင်ဘိုတို့အိမ် မှာပါ။ ကိုချို့တီက လိဒ်တီးတယ်၊ အောင်ဘိုက ရစ်သမ်တီးပြီး ကျွန်တော် က ဘေ့စ်ပါ။ စောဝေက ဒရမ်၊ သီချင်းနှစ်ပုဒ်မှာ တိုနီအောင်က စကင်း လိဒ် တီးပါတယ်။

လူစုံတက်စုံ ကိုးရက်လောက်ပဲ လေ့ကျင့်နိုင်ခဲ့တယ်။ ကျောင်းတွေ

mgyoe.com

mgyoe.com
တစ်ဖက် ကျူရှင်တွေတစ်ဖက်နဲ့လေ။ မြန်မာ့အသံက ချိန်းလိုက်တဲ့ ရက်က တဖြုတ်ဖြုတ်နဲ့ ချက်ချင်းရောက်လာတယ်။ ကျွန်တော်က အဲဒီအထဲမှာ ကျောင်းပြေး၊ ကျူရှင်ပြေးလေ။

မြန်မာ့အသံ အသံသွင်းစတူဒီယိုကိုရောက်တော့ စိတ်လှုပ်ရှားတာနဲ့ လေအေးစက်အေးတာတို့ နှစ်မျိုးစလုံးပေါင်းပြီး ဆီးပဲသွားချင်နေတော့တာ ပါပဲ။

အစပိုင်းတော့ ရင်ခုန်နေတာပေါ့။ နောက်တော့ မိနစ်နဲ့အမျှ အသားကျလာပြီး စိတ်ထဲမှာလည်း တော်တော်နေသာထိုင်သာ ရှိလာပါတယ်။ တကယ်တမ်းတီးကြပြီဆိုတော့လည်း မြန်မာ့အသံ .စတူဒီယိုကြီးလည်း အောင်ဘိုတို့အိမ်လို ဖြစ်သွားတာပဲ။ တီးကြတဲ့သီချင်းတွေကလည်း ကွက်တိ။ အပုဒ်တိုင်း နားလည်မှုတွေက အပြည့်လေ။ ကျွန်တော်တို့အားလုံး သပ်သပ်ရပ်ရပ် လှလှပပ တီးခဲ့ကြတယ်။ ကျွန်တော်တို့ တီးခဲ့တဲ့သီချင်း ပြန်လွှင့်ဖို့ ရက်သတ္တပတ် နည်းနည်းတော့ စောင့်ရတယ်။

* * *

ကျွန်တော်တို့ 'ဆူးနဲ့နှင်းဆီ' တီးဝိုင်း အသံလွှင့်မယ့်ညမှာ ထရန်စစ္စတာ ရေဒီယိုလေးယူပြီး အမေ့အနားရောက်အောင် သွားခဲ့တယ်။ အမေက ရေဒီယိုမြင်တော့ မျက်နှာပျက်သွားလို့ ရှင်းပြရတာပေါ့။ နောက်မှ ကိုချို့တီ နာမည် ကျွန်တော့်နာမည် ဖွန်မိုးဆိုတာတွေ ကြားလိုက်ရတော့ အမေ့ မျက်နှာမှာ ပြုံးရိပ်သန်းလာတယ်လေ။

အမေက ကျွန်တော်တို့တီးတာ ကောင်းတယ်၊ သူကြိုက်တယ်လို့ ပြောလိုက်တယ်။ ကျွန်တော်ကလည်း တစ်နေ့နေ့ကျရင် ကျွန်တော်တို့ အဖွဲ့ အမေနားထောင်ရအောင် လာဖျော်ဖြေဦးမယ်လို့ စိတ်ကူးမိတယ်။

စောဝေနဲ့ တိုနီအောင်တို့ကတော့ သူတို့ကောင်မလေးတွေရဲ့အိမ်မှာ သွားပြီး နားထောင်ကြသတဲ့။

"ကိုချို့တီ၊ စောဝေတို့ တိုနီအောင်တို့ အားမကျဘူးလားဗျ"

"ဘာကို အားကျရမှာလဲ"

"ဒီကောင်တွေရဲ့ ကောင်မလေးတွေက ဟိုတစ်နေ့ညသီချင်းတွေ

mgyoe.com

နားထောင်ပြီး ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်သတဲ့"

"ဘယ်လို ကွန်ဂရက်ကျူလေးရှင်းလုပ်လိုက်တာလဲ"

"ဒါတော့ ဒီနှစ်ကောင် တစ်ကွက်ချန်ထားတယ်"

"ဘာလဲ၊ မင်းကရော ရည်းစားရှိနေပြီလား"

"ခက်တာပဲ၊ ကျွန်တော့်အပေါင်းအသင်းတွေရဲ့ ရုပ်ရည်တွေလည်း ကိုချို့တီ တွေ့ဖူးပါတယ်"

"မြတ်နိုးမေ ဆိုတဲ့ ချာတိတ်မ မင်းကိုတော့ အထာပေးသားပဲ"

"ပုတုတုနဲ့ပါဗျာ စာမလိတ်ပါဘူး"

ကျွန်တော် လျှောက်ပြီး ကြံဖန်စဉ်းစား၊ ဖျစ်ညှစ်ဖွတ်နှစ် စဉ်းစားကြည့်တော့ 'ရတနာစု'ဆိုတဲ့ သူငယ်ချင်းက ရုပ်ရည်လေး မဆိုးပါဘူး။ အားလုံးထဲမှာ ကိုယ်လုံးကိုယ်ပေါက်လည်း ခပ်ပြည့်ပြည့်လေး။ အရုပ်အမောင်းလည်း ကျွန်တော့်စိတ်ကူးထဲက အရုပ်အမောင်းမျိုး။ ဟိုးတုန်းက ရှစ်တန်းလောက်တုန်းကတော့ စိတ်ကူးယဉ်ဖူးရဲ့။

ဒါပေမဲ့ ကျွန်တော့်မှာ သူ့အတွက် အချိန်မပေးနိုင်ဘူး။ ပြီးတော့ သူက စာမေးပွဲအောင်ထားတာ၊ ကျွန်တော့်လိုလူကို သိပ်ထည့်တွက်မယ် မထင်ဘူး။ တကယ်မကြိုက်သေးတာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီနှစ်တော့ စာမေးပွဲအောင်မှ ဖြစ်မယ်လို့ မောင်းတင်မိတယ်လေ။

တစ်ခါတလေကျတော့လည်း တိုနီအောင်တို့ စောဝေတို့က သူတို့ အိစီကလီလေးတွေအကြောင်းပြောရင် ငေးနားထောင်ရင်း ဟာတာတာနဲ့။ သူတို့ရည်းစားတွေနဲ့ ကျွန်တော့်သူငယ်ချင်းကောင်မလေးတွေနဲ့ တခြားစီ။

ကိုချို့တီပြောတဲ့ မြတ်နိုးမေ ဆိုတာတော့ တစ်ကျောင်းတည်း ငယ်သူငယ်ချင်းတွေ မဟုတ်ဘူး။ ကျူရှင်ရောက်မှ သိကြတာ။ ကျွန်တော့်လိုပဲ သူလည်း ဆယ်တန်း တစ်ဝါဆိုပြီးသား။ သူ ဆီးထုပ်စားရင် ကျွန်တော့်အတွက်လည်း ဆီးထုပ်၊ ဘောပင်၊ ဗလာစာအုပ်အတွက် မပူပင်ရဘူး။ မှတ်စုကူးလည်း သပ်ရပ်တယ်။ ကျောင်းလည်း မတူပါဘဲနဲ့ ဒီလိုဂရုစိုက်တာ မကြုံဖူးတော့ စိတ်ထဲမှာ ဘာလိုလိုကြီး၊ သူကလည်း အကြည့်အရှုရဲတယ်။

ဒါပေမဲ့ ခက်တာက သူ့ကိုယ်သူ မမကလေ၊ မမမြတ်နိုးမေကလေ၊

mgyoe.com

mgyoe.com
မမြတ်နိုးမေကလေးဆိုပြီး မမကြီးဂိုက်ဖမ်းနေတာကို စိတ်ညစ်တယ်။ သူ့အိမ်မှာ မောင်အငယ်မရှိဘူးထင်ပါရဲ့။ ပြီးတော့ အရပ်အမောင်းကလည်း ကျွန်တော် စိတ်မဝင်စားတဲ့ ဒေါက်ဖိနပ်ဖိုးကုန်ရမယ့် အရပ်အမောင်း။ သူ့အဖေရဲ့ ရာထူးနဲ့ အဖေ့အသိုင်းအဝိုင်းနဲ့ ရာထူးတွေအကြောင်းက သူ့စကား ဆယ်ခွန်းမှာ ခြောက်ခွန်းလောက်များ ပါလေမလား။

ကျွန်တော့်ကို မြတ်နိုးမေ သတိရနေအောင်၊ မမေ့အောင်တော့ တစ်ခု လုပ်ခဲ့ဖူးတယ်။

တစ်မနက် ကျွန်တော့်အစ်ကိုဆီက ပစ္စည်းတွေ ကိုမြင့်ဆန်းဆိုတဲ့ လူကြုံကောင်းနဲ့ ရောက်လာတယ်။ အမေ့အတွက် အင်္ကျီစ၊ စပျစ်သီးခြောက် တစ်ဘူး၊ အဖေ့ဖို့ ရှိလာဘောလ် ပတ်ကားဘောလ်ပင်တစ်ချောင်း၊ ကျွန်တော့်ဖို့ ချေပွေဗာရားပုံ စတစ်ကာအနီရောင်တီရှပ်နဲ့ ချောကလက်ရောင် လီဗိုင်း ဂျင်းဘောင်းဘီတစ်ထည် ပါလာတယ်။

အစ်ကိုဒီဆောင်းပို့လိုက်တဲ့ အဝတ်အစားသစ်တွေ ကောက်ဝတ်ကြည့်ပြီး မချွတ်ချင်တော့ဘူး။ အားလုံးက အမိုက်စားချည်းပဲလေ။ အမေ့ အင်္ကျီစကတော့ မမလှိုင်မေတို့ စီစဉ်ကြလိမ့်မယ်။ အဖေကတော့ နက်ပြာရောင် ပတ်ကားဘောလ်ပင်ကို ရင်ဘတ်မှာ ချိတ်ပြီး ထွက်သွားပြီ။

ဝတ်ထားတာတွေ မချွတ်ချင်တော့တာနဲ့ မြို့ထဲသွားဖို့ အကြောင်းရှာမိတယ်။ စာအုပ်ဆိုင်တွေဆီမရောက်တာ ကြာပြီ၊ သွားဦးမှလို့ စဉ်းစားမိပြီး နိုက်ကီဝေါ့ကင်းရှူး လည်ရှည်အနက်ရောင်လေး ကောက်စွပ်လိုက်တယ်။

ကျွန်တော် ထင်တယ်။ ကျွန်တော်ထင်တယ်ဆိုတာထက် ကျွန်တော် သိနေတယ်ဆိုတာလို့ပြောရရင် ပိုမှန်လိမ့်မယ်။ ရန်ကုန်တစ်မြို့လုံးမှာ အဲဒီတုန်းက နိုက်ကီဝေါ့ကင်းရှူးလည်ရှည်အစစ်က ရှိလှရင် လွန်ရော ကျွံရော သုံးရန်ထက်မပိုဘူး။ လမ်းပေါ်လျှောက်နေတဲ့ ခြေထောက်တွေရော စကော့ဈေးတို့ ရုပ်ရှင်ရုံအောက်ကဆိုင်တွေပါ တော်တော်လေ့လာထားတာလေ။ သုံးရန်ရှိဦးတော့ အနက်ရောင်က ကျွန်တော်တစ်ရန်ပဲရှိမှာ။

ချေပွေဗာရားပုံပါတဲ့တီရှပ်ကတော့ ကျွန်တော့်မှာပဲရှိတယ်လို့ မပြောရဲဘူး။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ရဲ့ စတစ်ကာတီရှပ်ကတော့ ရှားပါတယ်။ ရှိရင်လည်း ဈေးကတော့ ဆိုင်ရှင်ရဲ့ ပါးစပ်ထဲကဈေးနဲ့ပဲ ဝယ်ရမှာ။
mgyoe.com

mgyoe.com


ချောကလက်ရောင် လီဗိုင်းဂျင်းကတော့ ရန်ကုန်မြို့တော်မှာ ကျွန်တော် တစ်ယောက်တည်းပဲ ဝတ်သေးတယ်။ လွန်ခဲ့တဲ့အပတ်က ထုတ်ဝေတဲ့ နျူးစ်ဝိခ်မဂ္ဂဇင်းထဲမှာ ဆောင်းပါး ပါလာပါရောလား။ အနောက်နိုင်ငံနဲ့ ဥရောပမှာ ချောကလက်ရောင်ဂျင်းဘောင်းဘီတွေ ရောင်းကောင်းပြီး လူငယ်တွေ စိတ်ဝင်စားကြတဲ့အကြောင်း ရေးထားသတဲ့။ ကြော်ငြာတဲ့ ဘောင်းဘီ မှန်ချပ်နဲ့ကပ်ပြီး ကြော်ငြာထားတာကို ခွာယူခံရပုံကို ဘောင်းဘီအရာကြီး ထင်ကျန်ရစ်တဲ့ ဓာတ်ပုံနဲ့။

မြို့ထဲက ဝင်းမော်ဦးတို့ စာပေလောကတို့ ပန်းဆိုးတန်းအနှံ့လျှောက်သွားရင်း 'စည်းအပြင်ကလူ' စာအုပ်ဝယ်လာခဲ့တယ်။ ဆရာထင်လင်း ဘာသာပြန်တာပေါ့။ ရုပ်ရှင်ရုံတွေအောက်ရောက်တော့ ကျွန်တော့်ခြေထောက်တွေ တုံ့ခနဲရပ်သွားတယ်။ နိုင်ငံခြားပစ္စည်း၊ သင်္ဘောကျပစ္စည်း တိုလီမိုလီရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ ကျွန်တော်လိုချင်နေတဲ့ 'ခရမ်းရောင်ရင့်ရင့်' တီးဝိုင်းရဲ့ အခွေသစ်တစ်ခွေ တွေ့လိုက်လို့ပါ။

တိပ်ခွေကိုမြင်လိုက်တာနဲ့ သိလိုက်ပြီးသား။ ဒီအခွေဟာ အာရှမှာ အကြံအဖန်လုပ်တဲ့ အခွေမဟုတ်ဘူး။ အနောက်က တိုက်ရိုက်လာတဲ့ အခွေပါ။

ဒီဆိုင်က ကျွန်တော်ဝယ်နေကျဆိုင်။ ဆိုင်ရှင် ကိုဘုန်းလွင်က မရှိဘူး။ အပြင်ခဏသွားသတဲ့။ သူ့တပည့် ချာတိတ်လေးပဲ ရှိတယ်။

'ကောင်လေး၊ အဲဒီတိပ်ခွေ ဘယ်လောက်လဲ'လို့ လှမ်းမေးလိုက်တယ်။ အရောင်းအဝယ် ပါးကြတယ်ထင်ပါရဲ့၊ ကျွန်တော့်အသံကြားတော့ နံဘေးဆိုင်တွေကပါ အာရုံစိုက်လာကြတယ်။ ကျွန်တော် ဝတ်စားလာတာကို စိတ်ဝင်စားကြတာလည်း ဖြစ်နိုင်တယ်။ ဈေးရောင်းလက်သင်ကောင်လေး မှားပြီး မရောင်းမိအောင် ကြည့်ပေးတာလည်း ဖြစ်နိုင်တယ်။

"တစ်ရာပါအစ်ကို"

ဈေးက မဆိုးပါဘူး။ ကိုဘုန်းလွင်နဲ့ဆိုရင် ကိုးဆယ်လောက်နဲ့ ဈေးတည့်နိုင်တယ်။

"ကိုးဆယ်ထားကွာ၊ အစ်ကိုဝယ်နေကျပါ ကိုဘုန်းလွင်ရဲ့ မိတ်ဆွေပါ"

"မရဘူးအစ်ကို တစ်ရာပဲ"

mgyoe.com

mgyoe.com


ကျွန်တော် ဝတ်စားထားပုံနဲ့ ငွေတစ်ဆယ်ဆစ်ရကောင်းလားဆိုတဲ့ အကြည့်တွေ ကျွန်တော့်အပေါ် ရောက်လာတယ်။ ငွေတစ်ဆယ်နဲ့ ကျွန်တော့် လီဗိုင်းလည်း အတုလိုလိုထင်ကြရော့မယ်။

မတတ်နိုင်ဘူး။ ငွေတစ်ဆယ်ဟာ ကျွန်တော့်အတွက် ဆေးပေါ့လိပ် တွေ ရနိုင်တယ်၊ ဂစ်တာကြိုး ဝယ်နိုင်တယ်။

ဒီအခွေက တွေ့တုန်းဝယ်ထား၊ ဈေးမများဘူးဆိုတဲ့ အခွေမျိုး။ နောက် ခဏနေမှပြန်လာရင် ကျွန်တော့်လို 'ခရမ်းရောင်ရင့်ရင့်' သဘောကျတဲ့လူ နဲ့တွေ့သွားရင် ဇာတ်လမ်းက ဆုံးပြီ။ နောက်ဆုံး ဘယ်လိုမှ ဈေးဆစ်မရ တာနဲ့ ကက်ဆက်ခွေကိုယူပြီး သီချင်းနာမည်တွေကြည့်ပြီး ဂျင်းဘောင်း ဘီ တင်ပါးအိတ်ထဲ ကျကျနန ထည့်လိုက်တယ်။ ကောင်လေးရဲ့ မျက်နှာ လည်း သူစွံအောင်ရောင်းနိုင်တဲ့အတွက် ပျော်သွားပုံရတယ်။

ကျွန်တော့်မှာ ငွေတစ်ရာပါတော့တာမဟုတ်ဘူး။ အလွန်ဆုံးရှိလှ ဆယ့်ငါးကျပ်ပေါ့။ ဒါနဲ့ ဘာမှ ပြောမနေပါဘူး။ ခြေထောက်မှာစီးထားတဲ့ နိုကီလည်ရှည်ဝေါ့ကင်းရှူးနဲ့ ခြေစွပ်ကို ကုန်းချွတ်လိုက်ပြီး –

"ညီလေး ဒီရှူးက ဘယ်လောက်တန်တယ်ဆိုတာ မင်းသိရင် သိလိမ့် မယ်၊ မသိလည်း ဒီအနားက အစ်ကိုတွေအားလုံး သိတယ်"

ကျွန်တော့်စကား မဆုံးသေးဘူး ကောင်လေးက နှုတ်ခမ်းစူလေးနဲ့ မျက်မှောင်ကြုတ်နေပြီ။

"ရော့ ခဏယူထား၊ အစ်ကို မိနစ်နှစ်ဆယ်အတွင်း ပြန်လာခဲ့မယ်"

ကောင်လေးက လုံးဝ မျှော်လင့်မထားတော့ အံ့အားသင့်သွားတာပေါ့။ နံဘေးဆိုင်ကလူတွေက ပြုံးနေကြတယ်။ မတတ်နိုင်ဘူး။ ကျွန်တော့်မှာ လည်း ငွေတစ်ရာမရှိဘူး။ ချွတ်ပေးစရာလည်း ဒါပဲရှိတာ။ အကျႌချွတ် အပေါ်ပိုင်း ကိုယ်တုံးလုံးထက်စာရင် ခြေထောက်မှာ ဖိနပ်မပါတာ လူသိပ် မတွေ့ဘူး ဟုတ်လား။

ချာတိတ်က ကြံရာမရတော့ ဘေးဆိုင်တွေကို မျက်လုံးနဲ့ အကူအညီ တောင်းနေတယ်။ နံဘေးဆိုင်ကလည်း မေးဆတ်ပြီး ယူထားလိုက်ပါဆို တဲ့သဘော ထောက်ခံချက်ဝင်ပေးလိုက်တယ်။

အကျႌရော ဘောင်းဘီပါ အသစ်ကျပ်ချွတ်နဲ့ ခြေထောက်မှာ ဘာမှ

mgyoe.com

mgyoe.com

မပါ ခြေဗလာနဲ့ကျွန်တော့်ကို အခုမှ ပိုပြီး စိတ်ဝင်စားနေကြသလိုပဲ။ ရှေ့က ကြည့်ကြ၊ လည်ပြန်ကြည့်ကြနဲ့ ချာတိတ်မတွေ အချင်းချင်းလက်ကုတ်ကြနဲ့။ ဘောင်းဘီအိတ်ထဲက 'ခရမ်းရောင်ရင့်ရင့်' သီချင်းခွေက စက်ထဲထည့် မဖွင့်ရသေးဘဲ တေးသံမြူးမြူးကြွကြွတွေ ထွက်လာနေသလိုပဲ။ ပါးစပ်ကရော စိတ်ထဲကပါ ငွေတစ်ရာ ငွေတစ်ရာ ဘယ်သူ့ဆီက ခဏလှည့်ရမလဲ။ စဉ်းစား၊ စဉ်းစား။ ဟိုမှာ ကုန်းလမ်းရုံးက အမျိုးသမီးတွေ ကျွန်တော့်ကို ကြည့်ပြီး တိုးတိုးပြောနေကြပြီ။

နောက်ဆုံးတော့ အခုရောက်နေတဲ့နေရာနဲ့ အနီးဆုံးသူငယ်ချင်း မြတ်နိုးမေဆီကိုပဲ ခြေဦးလှည့်ရတော့တယ်။ လူတွေ ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်လိုပဲထင်ထင် ကျွန်တော်က 'ခရမ်းရောင်ရင့်ရင့်' သီချင်း နားထောင်ချင်တာပဲသိတယ်။

ဖဝါးတွေလည်း နည်းနည်းတော့ ပူစ ကျိန်းစပြုနေပြီ။ မြတ်နိုးမေနဲ့တွေ့ရင် ဘာတွေပြောရင်ကောင်းမလဲ။ စိတ်ထဲကမပါလည်း – "မမမြတ်နိုးမေ နေကောင်းရဲ့လား၊ စာတွေ တော်တော်ပိုင်နေပြီထင်တယ်။ ငွေတစ်ရာလောက် ခဏချေးပါဗျာ၊ မနက်ဖြန် သန်ဘက် ပြန်ပေးမယ်။ သွားတော့မယ်နော်"

တကယ်လို့ သူမရှိဘူး၊ သူ့မိဘမောင်ဖွားတွေနဲ့ပဲ တွေ့ရင်ကော "မမမြတ်နိုးမေရှိပါသလားခင်ဗျာ။ သြော် အပြင်သွားတာလား၊ ကြာပြီလား။ ကျွန်တော် သူ့သူငယ်ချင်းပါ၊ ညောင်လေးပင်သွားမလို့၊ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်ခံလိုက်ရတယ် အန်တီ။ အရေးပေါ် ငွေတစ်ရာလောက်လိုနေလို့၊ ၃၃ လမ်းက ဦးမြသီးကျူရှင် အတူတက်နေကြတာပါ"

လေ့ကားထစ်တွေအတိုင်း တက်လာခဲ့တယ်။ သူပြောဖူးတဲ့ အခန်းနံပါတ်ကတော့ ဒီနံပါတ်ပဲ။ ဟုတ်ပါပြီ၊ မလွဲပါဘူး။ ဦး . . . ဦးဆောင်ညွန်ကြားရေးမှူး ဆိုပါလား။ ကျွန်တော် လူခေါ်ခေါင်းလောင်း နှိပ်လိုက်တယ်။ တံခါးက အလုံပိတ်ထားလို့ ခေါင်းလောင်းမြည်သလား၊ မမြည်ဘူးလား၊ ဘာသံမှ မကြားရဘူး။ တချို့က အလုပ်များနေတုန်း ဧည့်သည်လာရင် သိစိတ်တိုတတ်တာ။ ဥပမာ ဖဲဝိုင်းမှာ ဖဲသေနေချိန်မျိုး။ ဒါကြောင့် လူခေါ်ခေါင်းလောင်းကို ခပ်တိုတိုပဲ တစ်ချက်ပဲတီးလိုက်တယ်။ တံခါး

mgyoe.com

mgyoe.com

လာဖွင့်တဲ့သူက လူကိုတွေ့လိုက်ရကတည်းက သိလိုက်တယ်။ အိမ်မှာ ချက်ပြုတ် လျှော်ဖွပ်ရတဲ့ ကလေးမလေးတစ်ယောက်။

"မြတ်နိုးမေ ရှိလား"

"ဘယ်သူလာတယ်လို့ ပြောရမလဲရှင်"

"ဇွန်မိုးလို့ ပြောလိုက်ပါ"

"ခဏစောင့်ပါရှင်"

ကျွန်တော်နဲ့ ကလေးမလေးနဲ့ စကားပြောနေတုန်း အိမ်ခန်းထဲက ချောင်းကြည့်နေတဲ့သူတစ်ယောက် လှစ်ခနဲတွေ့လိုက်ရတယ်။ မကြာဘူး မြတ်နိုးမေ ထွက်လာတယ်။ မှိုတက်နေတဲ့မျက်နှာမှာ မှိုရတဲ့မျက်နှာနဲ့။ ကျွန်တော်လာလို့ ခရင်ပပ်ဖိ ကတိုက်ကရိုက် ဖို့လာတဲ့ပုံလေ။

"မောင်ဇွန်မိုး ဘယ်ကနေ မျက်စိလည်လာတာတုံး၊ ဖိနပ်အိမ်ထဲထိ စီးခဲ့လို့ရတယ်လေ"

ကျွန်တော့်ကို ခြေအဆုံး ခေါင်းအဆုံး ကြည့်ရင်း ပြောနေတယ်။

"မမမှာ ကက်ဆက်ရှိတယ် မဟုတ်လား"

"ရှိတာပေါ့ကွဲ့"

တကယ့် ပီဘိအစ်မကြီးတစ်ယောက်လေသံနဲ့။

"ရှိရင် ဒီကို ခဏယူလာခဲ့ပါလား"

မြတ်နိုးမေ အနားမှာရပ်နေတဲ့ကလေးမကို ကက်ဆက်အယူခိုင်း လိုက်တယ်။

"မောင်ဇွန်မိုး လာရင်းကိစ္စက သီချင်းနားထောင်ဖို့လား"

"တစ်ဝက်တော့ ဟုတ်တယ်"

ကျွန်တော့်အဖြေကြားတော့ စိတ်ရှုပ်တာတစ်ဝက် နားမလည်တာ တစ်ဝက်နဲ့ စိတ်ပျက်ချင်ဟန်ဆောင်နေလိုက်သေးတယ်။

ကျွန်တော်က ပလပ်ပေါက်မှာ ကက်ဆက်ကြိုးတပ်ပြီး ဘောင်းဘီ အိတ်ထဲက အခွေကို စက်ထဲထည့်လိုက်တယ်။ ခလုတ်လည်း နှိပ်လိုက်ရော ကျွန်တော် သိပ်နားထောင်ချင်နေတဲ့ 'ဟိုင်းဝေးစတား'သီချင်းသံက ဧည့်ခန်းထဲမှာ ပျံ့လွင့်သွားတာပေါ့။ မြတ်နိုးမေက ကျွန်တော့်ကို ပယောဂ ပါလာတဲ့ လူတစ်ယောက် ကြည့်နည်းမျိုးကြည့်နေတယ်။ ကလေးမက

mgyoe.com

အအေးတစ်ခွက်ကို လင်ပန်းတစ်ချပ်၊ လက်သုတ်ပဝါတစ်ထည်ထည့်လို့ စားပွဲပေါ်မှာ ချတဲ့အခါ –

"အအေးတွေ ဘာတွေမလုပ်ပါနဲ့"

"ဘာလို့လဲ၊ သောက်ပါဦး"

"ကျွန်တော့်ကို အအေးတိုက်မယ့်အစား ငွေတစ်ရာလောက် ချေးပါလား"

သူ ဖွန်မိုးအစစ်ကို တွေ့သွားပြီ၊ ပယောဂစင်သွားပြီလို့ ထင်သွားတယ် ထင်ပါရဲ့ အခုမှ ရယ်နိုင်တော့တယ်။

"ဘာလုပ်ဖို့လဲ၊ မင်း မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်"

"ကျွန်တော် ဟောဒီကက်ဆက်ခွေ လိုချင်လွန်းလို့ ဝေါ့ကင်းရှူး အပေါင်ထားခဲ့တယ်"

"ဟုတ်လား။ ရပါတယ်၊ အအေးသောက်ပါဦး"

မျက်နှာမှာ ပြုံးရိပ်သန်းလို့ပေါ့။

"သီချင်းတွေက မကောင်းဘူးလား"

"ကောင်းသားပဲ"

အလိုက်အထိုက်ပြောနေမှန်း သိသားပဲ။

မြတ်နိုးမေက ငှက်ကလေးတစ်ကောင် သစ်ကိုင်းတစ်ကိုင်းက ထပျံသလို ကုလားထိုင်က ထသွားတယ်။ ပြန်လာတော့ သူ့လက်ထဲမှာ စာအိတ်တစ်အိတ်ကိုင်လို့၊ ကက်ဆက်ထဲက သီချင်းတစ်ပုဒ်ဆုံးအောင် နားထောင်ရင်း သူမရှိတုန်း သောက်ထားတဲ့ အအေးခွက်ကို လက်စသတ်လိုက်တယ်။ သီချင်းဆုံးတော့ ကက်ဆက်ထဲက အခွေထုတ်ပြီး ဘူးထဲထည့်ပြီး ဘောင်းဘီတင်ပါးအိတ်ထဲ ထိုးထည့်လိုက်တယ်။

"ကျေးဇူးပါပဲ၊ သွားပါဦးမယ်"

"အံမယ် ဒါ ကျေးဇူးတင်စရာမဟုတ်ပါဘူး။ သူစိမ်းတွေကျနေတာပဲ"

"ပြန်ပေးမှာနော်၊ ပြက္ခဒိန်ပေါ်မှာလည်း ရေးမထားနဲ့ဦး"

"ဘာကိုလဲ မောင်ဖွန်မိုး"

"ကျွန်တော် ငွေတစ်ရာချေးထားတဲ့အကြောင်းကိုလေ"

"ပြက္ခဒိန်မှာ မရေးဘူး။ ဒိုင်ယာရီထဲမှာ ရေးမှာ"

"သွားတော့မယ်နော်၊ ကျေးဇူးပါပဲ"

mgyoe.com

"မင်းက စိမ်းကားတဲ့စကား ပြောလို့ပါလား"

လေ့ကားသုံးဆစ်ချိုးလောက်ဆင်းပြီး လှမ်းမော့ကြည့်လိုက်တော့ လေ့ကားအတိုင်းငုံ့ကြည့်နေတဲ့ သူ့မျက်နှာ မြင်ရတယ်။ လက်လှမ်းပြလိုက်တယ်။ သူကလည်း လက်ပြန်ပြတယ်။ ဝမ်းသာရိပ်ကို သူမဖုံးနိုင်ပါလား။

ဝေါကင်းရှူး သွားရွေးတော့ ဆိုင်ရှင် ကိုဘုန်းလွင် ပြန်ရောက်နေပြီ။ တိပ်ခွေဖိုး ကိုးဆယ်ပဲ ယူလိုက်တယ်။ သူ့ဆိုင်က ကောင်လေးကိုလည်း ကျွန်တော့်မှတ်ထားဖို့ သူက သင်ပေးနေတယ်။ စာအိတ်ကို ဖွင့်လိုက်တော့ အထဲမှာ မြတ်နိုးမေ ထည့်ပေးလိုက်တာ တစ်ရာမဟုတ်ဘူး၊ နှစ်ရာတောင်။

သူ နားကြားများ လွဲသလား မပြောတတ်ဘူး။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ပိုတဲ့ငွေရော အဲဒီချေးငွေပါ ပြန်မပေးဖြစ်ဘူး။ လမ်းကြုံပြန်တော့လည်း ငွေက မပြည့်ပြန်ဘူး။ ဒီလိုနဲ့ပဲ မြတ်နိုးမေ ကျွန်တော့်ကို သတိရပြီးရင်း သတိရနေအောင် လုပ်ခဲ့မိတယ်။

* * *

ကိုချို့တီ လေယာဉ်ကွင်းဆင်းရမယ့်နေ့က နေ့လယ်စာကို ကျွန်တော်တို့ ကိုမြင့်ဆန်းရဲ့ 'ပင်လယ်ပျော်'ဆိုတဲ့ စားသောက်ဆိုင်လေးမှာ သွားစားကြတယ်။ 'ဆူးနဲ့နှင်းဆီ' အဖွဲ့စုံစုံညီညီပါပဲ။ ဒီဆိုင်ရှင်က အစ်ကိုဒီဆောင်းရဲ့ သူငယ်ချင်းပါ။ သူလည်း တကယ့်ပင်လယ်ပျော် တစ်ယောက်ပဲ။ ကုန်းပေါ်တက်လာတဲ့အခိုက် သူဆိုင်ထိုင်တယ်။ ပင်လယ်ထဲပြန်သွားရင် သူ့ညီတွေ၊ နှမတွေ ဦးစီးရတာ။ ဈေးသိပ်မကြီးတာရယ်၊ အစ်ကိုဒီဆောင်းလူကြုံပါးရင် အိမ်ဝင်လေ့ရှိတာကြောင့်ရယ်၊ ပြီးတော့ အရသာကလည်း တော်တော်ရှိတယ်လေ။ ဈေးလည်း သက်သာလိုက်သေးတယ်။

သူငယ်ချင်းတစ်သိုက် ဟင်းကောင်းသလောက်၊ ဗိုက်ဆာသလောက် မစားနိုင်ကြဘူး။ ကျွန်တော်တို့နဲ့ ကိုချို့တီနဲ့ ပြောစရာစကားတွေ မကုန်နိုင်ဘူး။ လေဆိပ်သွားဖို့ အချိန်နီးလေလေ ပြောစရာ၊ မှာစရာတွေက များလေလေပါပဲ။

အခုလို ခွဲကြရဖို့ နီးလာလေလေ ကျွန်တော်တို့ကြားမှာ အလွန်ခိုင်မာတဲ့ သံယောဇဉ်ကြိုးတွေရှိကြောင်း သိလာလေလေပါပဲ။

mgyoe.com

mgyoe.com


ကျွန်တော့်မှာ သူ့ကိုလက်ဆောင်ပေးဖို့ စိတ်ကူးလိုက်ရတာ၊ ဘာပစ္စည်းလက်ဆောင်ပေးရင် ကောင်းမလဲ . . .။ နောက်တော့မှ သူနှစ်သက်မယ့် ပစ္စည်းတစ်ခု သွားသတိရတယ်။ စောဝေတို့ အောင်ဘိုတို့ မေးပြန်တော့လည်း သူတို့ပေးကြမယ့် လက်ဆောင်ထဲမှာ ကျွန်တော့်ပစ္စည်းမျိုး မပါသေးဘူး။ အောင်ဘိုက ကိုခင်ဝမ်း၊ ကိုခင်မောင်တိုး၊ ကိုခိုင်ထူး၊ ကိုသားထွေးတို့ အခွေတွေ လက်ဆောင်ပေးထားတယ်။

ဒါနဲ့ သူ့ဖို့ ပင်နီတိုက်ပုံလေး လက်ဆောင်ပေးရအောင် ယူလာခဲ့တယ်။ အသစ်ကျပ်ချွတ်တော့ မဟုတ်ဘူး။ ကျွန်တော်တို့သားအဖ ပွဲနေ ပွဲထိုင်သွားစရာရှိရင် ခဏတစ်ဖြုတ်ဝတ်ပြီး ပြန်ခေါက်သိမ်းထားတဲ့ တိုက်ပုံလေး။ အဖေ့တိုက်ပုံပါ။ ကျွန်တော် သိပ်လိုချင်တယ်ဆိုလို့ ပေးထားတာ။ တစ်ရေမှ မချရသေးဘူး။ ဒီတိုက်ပုံရဲ့ နောက်ကွယ်မှာ အဖြစ်အပျက်လေးတစ်ခုရှိတယ်။ အဲဒီအဖြစ်အပျက်ကို ကိုချို့တီက သဘောကျလို့ မဆုံးဘူး။ ဒီအကြောင်း ခဏခဏပြောပြီး ရယ်ရယ်နေတဲ့လူ။

ကျွန်တော် ထုပ်ပိုးတဲ့ စက္ကူလှလှလေးနဲ့ ကျကျနန သပ်သပ်ရပ်ရပ် ထုပ်ထားတဲ့ အထုပ်လေး သူ့လက်ထဲ ထည့်လိုက်တော့ သူက မသိမသာ စမ်းကြည့်နေတယ်။

"ဘာလဲ သိလား"

"မသိဘူးကွ"

"ဟိုရောက်မှ ဖွင့်ကြည့်ပါဗျာ၊ ကျွန်တော့် အမှတ်တရလက်ဆောင် ကိုချို့တီ သဘောကျမှာပါ"

"အေးပါ"

စောဝေတို့ တိုနီအောင်တို့လည်း လက်ဆောင်ပေးလိုက်ကြတယ်။ ယွန်းလင်ပန်းလား ဘာလားတော့မသိ၊ ပြားချပ်ချပ်တစ်ခုတွေ့လိုက်တယ်။

* * *

ကျွန်တော် အလယ်တန်းတွေမှာ အတွဲအများဆုံးက 'ရတနာစု' ဆိုတဲ့ ကောင်မလေးပဲ။ သူ့မိဘနဲ့ ကျွန်တော့်အဖေနဲ့လည်း ခင်မင်ရင်းနှီးကြတယ်။ သူတို့က အရောင်းအဝယ်လောကမှာ ကျင်လည်ကြတဲ့သူတွေပါ။ အိမ်ချင်း

mgyoe.com